# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# စတုတ္ထပုံမှန်အစည်းအဝေး

# နဝမနေ့ မှတ်တမ်း

**အကြမ်း**



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကော်မတီ(၁၄)ခု သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ | ၄ |
| ၆ | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- | ၅ |
| ၇ | (က) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၏ တောင်ကြီး၊ အင်းလေး၊ မန္တလေးနှင့် ပုဂံမြို့(ရှေးဟောင်းနယ်မြေ မဟုတ်သည့်နေရာ)များတွင် ဟိုတယ်များ အသစ်ဖွင့်လှစ်မှုကို ပိတ်ပင်ထားမှု ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၈ | (ခ) ဦးမင်းကြည်၊ သံတွဲ မဲဆန္ဒနယ်၏ ငပလီကမ်းခြေအပါအဝင် ချောင်းသာ၊ ငွေဆောင်ကမ်းခြေအတွင်းရှိ တည်းခိုရိပ်သာများ၊ ဘန်ဂလိုများနှင့် ဟိုတယ်များအား အမြင့်ပေ-၃၀(၂) ထပ် အဆောက်အဦများအစား (၃)ထပ်နှင့် (၅)ထပ် အဆောက်အဦအဖြစ် ပြောင်းလဲဆောက်လုပ် ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |

(ဂ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ One Stop Service (OSS) ရုံး ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်(၄) ရပ်ကို အကောင်အထည်ဖော်နိုင်ရန်
၉ မည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် ၁၆
မေးခွန်း

(ဃ) ဦးကျော်ဌေး၊ လေရှီး မဲဆန္ဒနယ်၏ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
၁၀ "မိုပိုင်းလွတ်မြို့"(အမည်မှား)အား မူလအမည်မှန်အတိုင်း "မိုဝိုင်လွတ်မြို့" ဟု ၂၀
ပြင်ဆင်ခေါ်ဝေါ်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

(င) ဦးချင်းဖေလင်း၊ မံစီ မဲဆန္ဒနယ်၏ မန်ဝိန်းကြီးဒေသရှိ တရုတ်-မြန်မာ နယ်ခြားဖြစ်သော (၅၃/၂) ကျောက်တိုင်အနီး တရုတ်နိုင်ငံ ဘက်မှ
၁၁ လယ်သမားများ ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်ခြင်းအား တားမြစ် ပေးရန် ၂၄
အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း

(စ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ မောင်တောနှင့် ဘူးသီးတောင်မြို့နယ် များရှိ ဒေသလုံခြုံမှုကို မည်ကဲ့သို့ ဆောင်ရွက် ပါမည်နည်း၊ နတ်မြစ်ဝမှ မယူမြစ်ဝထိ ပင်လယ်ကမ်းခြေ တစ်လျှောက် ဒေသတို့တွင် ဒေသခံ တိုင်းရင်းသားများ ပါဝင်ခွင့်ရှိသည့် ထိန်းသိမ်း
၁၂ စောင့်ရှောက်ရေး အဖွဲ့များကို နိုင်ငံတော်လုံခြုံရေး ရှုထောင့်က မည်သည့် ၃၄
စီမံချက်များ ချမှတ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း

ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်က "နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေ အဖြစ် တည်ရှိနေသော စားကျက်မြေများနှင့် စပ်လျဉ်းပြီး ဒေသခံပြည်သူ လူထု၏ဆန္ဒသဘောထားများကို ရယူကာ စိုက်ပျိုးမြေ အဖြစ်သို့ လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေ
၁၃ အဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်း အသုံးပြုမှု တစ်ခုခု ၃၆
အတွက်လည်းကောင်း လက်တွေ့ ကျကျ အသုံးပြုနိုင်ရေး အတွက် ရှင်းလင်းတိကျသော မူဝါဒဆောလျင်စွာ ချမှတ်အကောင် အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြု တိုက်တွန်း ကြောင်း"

အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံး အဖြတ်ရယူခြင်း၊

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့
၁၄ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် ၄၄
နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## နဝမနေ့ အစီအစဉ်

## [ ၁၅–၂–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ကော်မတီ(၁၄)ခု သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၏ **တောင်ကြီး၊ အင်းလေး၊ မန္တလေးနှင့် ပုဂံမြို့(ရှေးဟောင်းနယ်မြေ မဟုတ်သည့်နေရာ)များတွင် ဟိုတယ်များ အသစ်ဖွင့်လှစ်မှုကို ပိတ်ပင်ထားမှု ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးမင်းကြည်၊ သံတွဲ မဲဆန္ဒနယ်၏ **ငပလီကမ်းခြေအပါအဝင် ချောင်းသာ၊ ငွေဆောင်ကမ်းခြေအတွင်းရှိ တည်းခိုရိပ်သာများ၊ ဘန်ဂလိုများနှင့် ဟိုတယ်များအား အမြင့်ပေ–၃၀(၂) ထပ် အဆောက်အဦများအစား (၃)ထပ်နှင့် (၅)ထပ် အဆောက်အဦအဖြစ် ပြောင်းလဲဆောက်လုပ် ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ **One Stop Service (OSS)ရုံး ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်(၄) ရပ်ကို အကောင်အထည်ဖော်နိုင်ရန် မည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်ဌေး၊ လေရှီး မဲဆန္ဒနယ်၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ "မိုပိုင်းလွတ်မြို့"(အမည်မှား)အား မူလအမည်မှန်အတိုင်း "မိုဝိုင်လွတ်မြို့" ဟု ပြင်ဆင်ခေါ်ဝေါ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးချင်းဖေလင်း၊ မံစီ မဲဆန္ဒနယ်၏ **မန်ဝိန်းကြီးဒေသရှိ တရုတ်-မြန်မာ နယ်ခြားဖြစ်သော (၅၃/၂) ကျောက်တိုင်အနီး တရုတ်နိုင်ငံ ဘက်မှ လယ်သမားများ ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်ခြင်းအား တားမြစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ ဒေသလုံခြုံမှုကို မည်ကဲ့သို့ဆောင်ရွက်ပါမည်နည်း၊ နတ်မြစ်ဝမှ မယူမြစ်ဝထိ ပင်လယ်ကမ်းခြေတစ်လျှောက် ဒေသတို့တွင် ဒေသခံတိုင်းရင်းသားများ ပါဝင်ခွင့်ရှိသည့် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များကို နိုင်ငံတော်လုံခြုံရေး ရှုထောင့်က မည်သည့်စီမံချက်များ ချမှတ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၇။ ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်က **"နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေအဖြစ် တည်ရှိနေသော စားကျက်မြေများနှင့် စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ဆန္ဒသဘောထားများကို ရယူကာ စိုက်ပျိုးမြေအဖြစ်သို့ လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေအဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်းအသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့**

**ကျကျအသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသော မူဝါဒဆောလျင်စွာ ချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြု တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# နဝမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

## (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၁၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးစိန်ဗိုလ်၊ မြဝတီမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁၄ ရက်၊

(၂) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁၄ ရက်၊

(၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၃ ရက်၊

(၄) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၂ ရက်၊

(၅) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်၊

(၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊

(၇) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၃ ရက်၊

(၈) လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၃ ရက်၊

(၉) လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ခွင့် ၁ ရက်၊

(၁၀) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၁၄ ရက်၊

(၁၁) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ပြည်သူ့လွှတ်တော် ကော်မတီ(၁၄)ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီ ၁၄ ခုအား သက်တမ်းတိုးမြှင့်ခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် ၁၇-၂-၂၀၁၆ ရက်နေ့ကဖွဲ့စည်းခဲ့တဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီတို့၏သက်တမ်းကို တစ်နှစ်ပြည့်မြောက်သောနေ့၏ နောက်တစ်ရက်ဖြစ်သော ၁၇-၂-၂၀၁၇ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ၁၉-၂-၂၀၁၆ ရက်နေ့က ဖွဲ့စည်းခဲ့တဲ့ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီတို့၏ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သောနေ့၏ နောက်တစ်ရက်ဖြစ်သော ၁၉-၂-၂၀၁၇ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ၂၂-၂-၂၀၁၆ ရက်နေ့ကဖွဲ့စည်းခဲ့တဲ့ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီတို့၏သက်တမ်းကို တစ်နှစ်ပြည့်မြောက်သောနေ့၏ နောက်တစ်ရက်ဖြစ်သော ၂၂-၂-၂၀၁၇ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ၂၄-၂-၂၀၁၆ ရက်နေ့က ဖွဲ့စည်းခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သောနေ့၏ နောက်တစ်ရက်ဖြစ်သော ၂၄-၂-၂၀၁၇ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ၂၆-၂-၂၀၁၆ ရက်နေ့က ဖွဲ့စည်းခဲ့တဲ့ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီတို့၏သက်တမ်းကို တစ်နှစ်ပြည့်မြောက်သောနေ့၏ နောက်တစ်ရက်ဖြစ်သော ၂၆-၂-၂၀၁၇ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း တိုးမြှင့်သတ်မှတ်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တောင်ကြီး၊ အင်းလေး၊ မန္တလေးနှင့် ပုဂံမြို့(ရှေးဟောင်းနယ်မြေမဟုတ်သည့်နေရာ) များတွင် ဟိုတယ်များ အသစ်ဖွင့်လှစ်မှုကို ပိတ်ပင်ထားမှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်များ။ ကျွန်တော်က စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို Power Point ဖြင့် အသုံးပြုခွင့်ပေးပါရန် ဥက္ကဋ္ဌကြီးအား ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဟိုတယ်အသစ်များ ဆောက်လုပ်မှုတားမြစ်ခြင်းနဲ့ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တောင်ကြီး၊ အင်းလေး၊ မန္တလေးနှင့် ပုဂံမြို့ (ရှေးဟောင်းနယ်မြေ မဟုတ်သည့်နေရာ)များတွင် ဟိုတယ်များ အသစ်ဖွင့်လှစ်မှုကို ပိတ်ပင်ထားခြင်းရှိ/မရှိနှင့် ထိုသို့ပိတ်ပင်ထားခဲ့သည်ရှိသော် အဘယ်ကြောင့်ဆိုသည်ကို သိလိုပါကြောင်းနှင့် ပြန်လည်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်ခင်ဗျား။ ဒီမေးခွန်းပေါ်ပေါက်လာရတဲ့အကြောင်းအရင်းကို အနည်းငယ် တင်ပြပါရစေ။ ၂၀၁၆ ခုနှစ်၊ မေလ ၁ ရက်နေ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Web Portal မှာ သတင်း တစ်ပုဒ်ပါပါတယ်။ အဲဒီသတင်းကတော့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ တာဝန်ရှိသူတစ်ဦးနဲ့ မြန်မာ့အလင်းသတင်းစာတို့ရဲ့ တွေ့ဆုံမေးမြန်းခန်းဖြစ်ပါတယ်ခင်ဗျား။ အဆိုပါအင်တာဗျူး(တွေ့ဆုံမေးမြန်းခန်း)မှာ တာဝန်ရှိသူရဲ့ ဖြေကြားချက်တွေက အင်မတန်မှ အားရစရာကောင်းတဲ့ အတွက် ကျွန်တော် အထူးပဲနှစ်ကြိုက်ပြီးတော့ ကျွန်တော် မှတ်မှတ်သားသားဖြစ်နေခဲ့ပါတယ်။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှာပဲ ပြန်ကြားရေးဝန်ကြီးဌာန Web Portal မှာ နောက်ထပ်သတင်းတစ်ပုဒ်ရှိပါတယ်။ အဲဒီသတင်းကတော့ ဧည့်သည်အရေအတွက်ထက် ဟိုတယ်အရေအတွက်ပိုများနေသဖြင့် မြို့သုံးမြို့တွင် တည်ဆောက်ခွင့်ကို ကြီးကြပ်တားမြစ်တယ်ဆိုတဲ့ သတင်းဖြစ်ပါတယ်ခင်ဗျား။ ဒါကိုလည်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ တာဝန်ရှိသူ ညွှန်ကြားရေး

မှူးတစ်ဦးကနေပြီးတော့ ပြောခဲ့တာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် အဆိုပါမေးခွန်းနှင့် ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တောင်ကြီး၊ အင်းလေး၊ မန္တလေး၊ ပုဂံမြို့(ရှေးဟောင်းနယ်မြေမဟုတ်သည့်နေရာ)များမှာ ဟိုတယ်များ အသစ်ဖွင့်လှစ်ထားမှုကို ပိတ်ပင်ထားခြင်းရှိ/မရှိနှင့် ထိုသို့ပိတ်ပင်ထားခဲ့သည်ရှိသော် အဘယ်ကြောင့်ဆိုသည်ကို သိလိုပါကြောင်းနှင့် ပြန်လည်ခွင့်ပြုရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပေါ်လာပုံ ဖြစ်ပါတယ်။ ဒီနေရာမှာ ရှေးဟောင်းနယ်မြေမဟုတ်သည့်နေရာဆိုပြီး ကွင်းစ၊ ကွင်းပိတ်နဲ့ ဖော်ပြထားခဲ့ပါတယ်။ အဲဒါကတော့ ၁၉၉၈ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ရေး၊ ထိန်းသိမ်းရေးဥပဒေ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေနဲ့နည်းဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ဟိုတယ်အသစ်တည်ဆောက်တဲ့နေရာမှာ ဒီရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသတွေမှာ ဆောက်လို့မရဘူးဆိုတဲ့ဥစ္စာကို သိရှိပြီးဖြစ်တယ်ဆိုတဲ့အကြောင်းကို ကျွန်တော် တင်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။

ဒါကတော့ မြန်မာနိုင်ငံမှာ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုမှတ်တမ်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများရဲ့စာရင်းဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံကို နိုင်ငံအလိုက် ဧည့်သည်စာရင်းဝင်ရောက်တဲ့စာရင်းပါ ၂၀၀၈ ခုနှစ်ကနေကပြီးတော့ ၂၀၁၅ ခုနှစ်အထိ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ ဟိုတယ်ပေါင်း၊ မြန်မာနိုင်ငံမှာရှိတဲ့ ဟိုတယ်များ၊ မိုတယ်များ၊ အင်းများရဲ့အခန်းပေါင်းဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ခရီးသွားလုပ်ငန်း တရားဝင်စာရင်းဖြစ်ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံဟာဆိုရင်လည်း ၃၂ သန်းကျော်အထိ နှစ်စဉ်မြင့်တက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဧည့်သည်ဝင်/ထွက်မှုအပိုင်းမှာ တွေ့ခဲ့ရပါတယ်ခင်ဗျား။ ထိုင်းနိုင်ငံမှာရှိတဲ့ ဟိုတယ်ပေါင်းနှင့် ထိုင်းနိုင်ငံမှာရှိတဲ့ အခန်းပေါင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံမှာရှိတဲ့ ဟိုတယ် ပေါင်းနှင့် အခန်းပေါင်းကို နှိုင်းယှဉ်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း(၁)မှာ နိုင်ငံတော်အခြေခံမူများကို ဖော်ပြထားပါတယ်။ ပုဒ်မ ၃၅ မှာဆိုရင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟု ဖော်ပြပါရှိပြီး ပုဒ်မ ၃၆ ပုဒ်မခွဲ(ခ)မှာတော့ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ တရားသဖြင့် ယှဉ်ပြိုင်ခြင်းနှင့် ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု၊ ဈေးကစားမှု ပြုခြင်းဖြင့် အများပြည်သူတို့၏အကျိုးစီးပွားထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရမည် စသဖြင့်

**မူကြမ်း**

ဖော်ပြပါရှိပါတယ်။ ဒါကြောင့် ယနေ့ ကျင့်သုံးနေတဲ့ စီးပွားရေးစနစ်နဲ့အညီ စီးပွားရေးတုံ့ဆိုင်းနေချိန်လည်းဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ဈေးကွက်အတွင်းမှာ အခွင့်အလမ်းများ ဖန်တီးပေးရမယ့်အစား အခွင့်အလမ်းနည်းပါးသွားအောင် မလုပ်သင့်ပါဘူး။ ဒါကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တောင်ကြီး၊ အင်းလေး၊ မန္တလေး၊ ပုဂံမြို့(ရှေးဟောင်းနယ်မြေမဟုတ်သည့်နေရာ)များမှာ ဟိုတယ်အသစ်များဖွင့်လှစ်ထားမှု ပိတ်ပင်ထားခြင်းရှိ/မရှိနှင့် ထိုသို့ပိတ်ပင်ထားခဲ့သည်ရှိသော် အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါကြောင်းနှင့် ပြန်လည်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး မေးမြန်းထားတဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တောင်ကြီး၊ အင်းလေး၊ မန္တလေးနှင့် ပုဂံမြို့(ရှေးဟောင်းနယ်မြေမဟုတ်သည့်နေရာ)များတွင် ဟိုတယ်အသစ်များဖွင့်လှစ်မှုကို ပိတ်ပင်ထားခြင်းရှိ/မရှိ၊ ပိတ်ပင်ထားခဲ့သည်ရှိသော် အဘယ်ကြောင့်ဆိုသည်ကို သိလိုပါကြောင်းနှင့် ပြန်လည်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် တည်ဆဲမြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေ၊ ခရီးသွားလာရေးဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်တို့နှင့်အညီ ဟိုတယ်ဆောက်လုပ်ရန် ကြိုတင်ခွင့်ပြုမိန့်နှင့် ဟိုတယ်လုပ်ငန်းလိုင်စင်(ဟ-လိုင်စင်)နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် (တ-လိုင်စင်)များကို ခွင့်ပြုပေးလျက်ရှိရာ ယခုအစိုးရသစ်လက်ထက်တွင်လည်း ယင်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်များနှင့်အညီ ဆက်လက်စိစစ်၍ ဟိုတယ်နှင့် တည်းခိုရိပ်သာတည်ဆောက်ရန် ကြိုတင်ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်များကို ထုတ်ပေးလျက်ရှိပါတယ်။

**မူကြမ်း**

ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘိုဘိုဦး မေးမြန်းထားတဲ့မေးခွန်းကို ဖြေကြားချက်ပေးခဲ့စဉ်က ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ဖြစ်ရာ ၃၀-၁၁-၂၀၁၆ ရက်နေ့အထိ ဆောင်ရွက်ချက်များကို ထည့်သွင်းပြန်ကြားတင်ပြခဲ့သော်လည်း ယခု တက်ရောက်ဖြေကြားခွင့်ရရှိချိန်မှာ နှစ်လခန့်ပိုလာတဲ့အတွက် ၃၁-၁-၂၀၁၇ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ချက်များကို Update ပြုလုပ်ပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများ ကြိုတင်တည်ဆောက်ခွင့် တင်ပြလာ၍ ခွင့်ပြုပေးခဲ့ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသောမြို့များအနက် ယခု အစိုးရသစ်လက်ထက် ၁-၄-၂၀၁၆ ရက်နေ့မှစ၍ ၃၁-၁-၂၀၁၇ ရက်နေ့အထိ မန္တလေးမြို့တွင် ဟိုတယ်အသစ်လေးလုံး၊ မူလဟိုတယ်ကို အခန်းတိုးချဲ့တဲ့ဟိုတယ်က တစ်လုံး စုစုပေါင်း ၂၃၁ ခန်း၊ ညောင်ရွှေမြို့တွင် ဟိုတယ်သုံးလုံး ၈၂ ခန်းတို့အား ကြိုတင်တည်ဆောက်ခွင့်များ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် တင်ပြလာ၍ ခွင့်ပြုပေးခဲ့ခြင်းနှင့်စပ်လျဉ်း၍လည်း ၁-၄-၂၀၁၆ ရက်နေ့မှစ၍ ၃၁-၁-၂၀၁၇ ရက်နေ့အထိ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်များကို တောင်ကြီး၊ ညောင်ရွှေ(အင်းလေး)၊ မန္တလေးနှင့် ပုဂံမြို့(ရှေးဟောင်းနယ်မြေမဟုတ်သည့်နေရာ)များတွင် ဟိုတယ် ၂၄ လုံး၊ တည်းခိုရိပ်သာ ၁၄ လုံး စုစုပေါင်း ၁၂၇၁ ခန်းကို အောက်ပါအတိုင်း ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ တောင်ကြီးမြို့တွင် ဟိုတယ်သုံးလုံး၊ တည်းခိုရိပ်သာတစ်လုံး အခန်းပေါင်း ၁၀၈ ခန်း၊ ညောင်ရွှေ(အင်းလေး)တွင် ဟိုတယ် ၁၀ လုံး၊ တည်းခိုရိပ်သာရှစ်လုံး အခန်းပေါင်း ၅၉၄ ခန်း၊ မန္တလေးမြို့တွင် ဟိုတယ်ကိုးလုံး၊ တည်းခိုရိပ်သာငါးလုံး အခန်းပေါင်း ၄၈၅ ခန်း၊ ပုဂံမြို့နှင့် ညောင်ဦး(ရှေးဟောင်းနယ်မြေမဟုတ်သည့်နေရာ)မှာ ဟိုတယ်နှစ်လုံး အခန်းပေါင်း ၈၄ ခန်း ခွင့်ပြုခဲ့ ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနဟာ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းအတွက် ကြိုတင်ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး၌ တင်ပြခွင့်ပြုလျက်ရှိရာ ယနေ့အထိ ရပ်ဆိုင်းထားခြင်းမရှိဘဲ ထုတ်ပေးနေပါတယ်။ ၃၀-၁-၂၀၁၇ မှာ နောက်ဆုံးပြုလုပ်ခဲ့တဲ့ ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးမှာ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့မြို့များအနက် မန္တလေးမြို့မှာ ဟိုတယ် အခန်းတိုး တစ်လုံး၊ ညောင်ရွှေမြို့မှာ ဟိုတယ်အသစ်တစ်လုံး၊ တည်းခိုရိပ်သာတစ်လုံး အခန်း ၆၈

ခန်းကို ကြိုတင်တည်ဆောက်ခွင့်များ ခွင့်ပြုပေးခဲ့ပြီး ညောင်ရွှေမြို့တွင် ဟိုတယ်သုံးလုံး၊ တည်းခိုရိပ်သာနှစ်လုံး၊ အခန်း ၁၄၄ ခန်းတို့အား လိုင်စင်ထုတ်ပေးခြင်းကို အတည်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ထပ်မံတင်ပြထားတဲ့ ဟိုတယ်နှင့် တည်းခိုရိပ်သာများကိုလည်း ခွင့်ပြုနိုင်ရေးအတွက် ကျွန်တော်တို့ စိစစ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ တောင်ကြီး၊ အင်းလေး၊ မန္တလေးနှင့် ပုဂံမြို့(ရှေးဟောင်းနယ်မြေမဟုတ်သည့်နေရာ)များမှာ လျှောက်ထားလာသော ဟိုတယ်နှင့် တည်းခိုရိပ်သာဆောက်လုပ်ရန်အတွက် ကြိုတင်ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးတိုင်းတွင် ထည့်သွင်းဆွေးနွေးပြီး ခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဟိုတယ်အသစ်များဖွင့်လှစ်မှုကို ပိတ်ပင်ထားခြင်းမရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ပြန်လည်ဖြေရှင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ငပလီကမ်းခြေအပါအဝင် ချောင်းသာ၊ ငွေဆောင်ကမ်းခြေအတွင်းရှိ တည်းခိုရိပ်သာများ၊ ဘန်ဂလိုများနှင့် ဟိုတယ်များအား အမြင့်ပေ ၃၀(၂) ထပ် အဆောက်အဦများအစား (၃) ထပ်နှင့် (၅) ထပ် အဆောက်အဦအဖြစ် ပြောင်းလဲဆောက်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းကြည်(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ငပလီကမ်းခြေအပါအဝင် ချောင်းသာ၊ ငွေဆောင်ကမ်းခြေအတွင်းရှိ တည်းခိုရိပ်သာများ၊ ဘန်ဂလိုများနှင့် ဟိုတယ်များအား အမြင့်ပေ ၃၀ (၂) ထပ် အဆောက်အဦအစား (၃) ထပ်နှင့် (၅)ထပ် အဆောက်အဦအဖြစ် ပြောင်းလဲဆောက်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လယ်ကမ်းခြေဒေသမှာရှိတဲ့ တည်းခိုခန်းများ၊ ဘန်ဂလိုများ၊ ဟိုတယ်များကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန (၁/၂၀၁၅)နှင့် (၂/၂၀၁၅) အမိန့်ကြော်ငြာစာတို့ ထုတ်

ပြန်ထားပြီး လိုက်နာဆောင်ရွက်ရမည့်အချက်များကို ထုတ်ပြန်ကြေညာထားတာကို တွေ့ရှိရပါတယ်။ (က) ဟိုတယ်နှင့်တည်းခိုရိပ်သာများ၊ အပန်းဖြေစခန်းများတည်ဆောက်ရာတွင် ကမ်းခြေဒီရေအတက်ဆုံးနေရာက မီတာ ၅၀ အကွာတွင်ဆောက်လုပ်ရန်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများဆောက်လုပ်ရာတွင် ယေဘုယျအားဖြင့် အမြင့် ၁၀ မီတာ ပေ ၃၀ အတွင်း နှစ်ထပ်အဆောက်အဦးထက်မပိုရန်လို့ ညွှန်ကြားထားတာကိုတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့ ဒေသခံများအနေနဲ့ ကမ်းခြေနဲ့ဝေးတဲ့ မီတာ ၅၀ အလွန်၊ ကျေးရွာများအတွင်းမှာ တည်းခိုခန်းများဆောက်လုပ်ရန်ဖြစ်ပါသောကြောင့် ဒေသခံများရဲ့အကျိုးစီးပွားနှင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက အောက်ဖော်ပြပါကမ်းခြေများအား ပြည်တွင်း/ပြည်ပဧည့်သည်များလာရောက်လည်ပတ်နိုင်ရန် ခရီးစဉ်ဒေသများအဖြစ် သတ်မှတ်ထားတာကို တွေ့ရှိရပါတယ်။ (၁) မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကျိုက္ခမီမြို့ရှိ စက်စဲကမ်းခြေ၊ (၂) ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်ရှိ လက်ခုပ်ကုန်းကမ်းခြေ၊ (၃) ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ၊ ရွှေသောင်ယံမြို့ရှိ ချောင်းသာကမ်းခြေ၊ (၄) ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ငွေဆောင်မြို့ရှိ ငွေဆောင်ကမ်းခြေ၊ (၅) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်ရှိ ကမ်းသာယာကမ်းခြေ၊ (၆) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ ငပလီကမ်းခြေတို့ဖြစ်ပါတယ်။ နိုင်ငံတကာမှာ ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေအများဆုံး ရှာဖွေပေးတာကြောင့် ခရီးသွားလုပ်ငန်းကို မီးခိုးတိတ်ခေါင်းတိုင်ကြီးလို့ တင်စားခေါ်ဝေါ်ခဲ့ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာရှိတဲ့ ငပလီကမ်းခြေကို ဥပမာပေးပြီးတော့ ကျွန်တော့်ရဲ့လိုအပ်ချက်တွေကို တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငပလီကမ်းခြေဟာ လေကောင်းလေသန့်ရရှိပြီး အရှေ့တောင်အာရှမှာ သန့်ရှင်းလှပတဲ့ ကမ်းခြေတစ်ခုဖြစ်တာကြောင့် အရှေ့တောင်အာရှမှာ အဆင့်(၁) နေရာမှာရှိပါတယ်။ ကမ္ဘာမှာ နံပါတ်(၈) နေရာမှာ ရှိတယ်လို့ ထုတ်ပြန်ကြေညာထားတာကို တွေ့ရပါတယ်။ လာရောက်တဲ့ ခရီးသည်ဦးရေကလည်း ငပလီကမ်းခြေကို ၂၀၁၄ ခုနှစ်မှာ ၃၆၀၀၀ ဦး၊ ၂၀၁၅ ခုနှစ်မှာ ၃၉၀၀၀ ဦးနဲ့ ၂၀၁၆ ခုနှစ်မှာ ၄၀၀၀၀ ကျော်ဝင်ရောက်ခဲ့တာကြောင့် ပြည်တွင်းပြည်ပဧည့်သည်များရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးဖို့ လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငပလီကမ်းခြေ ဇီးဖြူကုန်းကျေးရွာမှာ မြေဧက ၃၅.၅၇ ဧကကို ဇီးဖြူကုန်း ကျေးရွာမိသားစု ၅၇ ဦးကပိုင်ဆိုင်ပြီး ၁၉၉၉ ခုနှစ် ဒီဇင်ဘာလက နိုင်ငံတော်အစိုးရမှ လျော်ကြေး တစ်စုံတစ်ရာပေးဆောင်မှုမရှိဘဲ သိမ်းယူခဲ့ပြီး ကုမ္ပဏီခြောက်ခုအား BOT စနစ်နှင့် နှစ် ၃၀ ဂရန် ချပေးငှားရမ်းပြီး ဟိုတယ်များဆောက်လုပ်ခွင့်ပြုခဲ့ပါတယ်။ ဒါကြောင့်မို့ ဒေသခံပြည်သူများ တစ်ပိုင် တစ်နိုင် ဆောက်လုပ်လျက်ရှိတဲ့ တည်းခိုခန်းငှားရမ်းခြင်းလုပ်ငန်း ပျောက်ကွယ်ခဲ့ရပြီး BOT စနစ်နဲ့ အငှားချပေးထားတဲ့ ကုမ္ပဏီများကတော့ လင်းဇာနည်ကုမ္ပဏီ၊ အေဒင်ကုမ္ပဏီ၊ ဖော်ကျွန်းကုမ္ပဏီ၊ Ma-Myanmar ကုမ္ပဏီနှင့် Amazing ကုမ္ပဏီတို့ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ငပလီကမ်းခြေမှာ တည်းခိုရိပ်သာနှင့် ဟိုတယ်များဆောက်လုပ် ရန် မြေမရှိခြင်း၊ မြေဈေးနှုန်းကြီးခြင်းတို့ကြောင့် ဒေသခံတို့ရဲ့ စီးပွားရေးတွေ ကြပ်တည်းမှုလည်း ရင်ဆိုင်နေကြရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် ငပလီကမ်းခြေကို Google က ရိုက်ထားတဲ့ ပုံဖြစ်ပါတယ်။ ဒါကတော့ ငပလီကမ်းခြေရဲ့ လေကောင်းလေသန့်ရရှိပြီး သာယာလှပတဲ့အလှအပကို ရှုစားရမှာဖြစ်ပါတယ်။ ဒါကလည်း ငပလီကမ်းခြေရဲ့ပုံပါ။ ဒါက ငပလီကမ်းခြေရဲ့ နေဝင်ဆည်းဆာပုံပါ။ ဒါကတော့ အဝါရောင်နှင့်ပြထားတဲ့ဥစ္စာကတော့ ဇီးဖြူကုန်းကျေးရွာ ကျေးရွာသူကျေးရွာသားတွေရဲ့ ၃၅.၅၇ ဧက ကို နိုင်ငံတော်အစိုးရက ၁၉၉၉ ခုနှစ်မှာ သိမ်းယူခဲ့ပြီးတော့ BOT စနစ်နဲ့ ကုမ္ပဏီတွေကို ချပေးထားတဲ့ ဥစ္စာပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒေသခံတွေက လုပ်ကိုင်စားသောက်ဖို့အတွက် အဆင်မပြေ ဖြစ်တဲ့အတွက်ကြောင့် ဟိုဘက်ရွာထဲမှာ အနီဝိုင်းပြထားတဲ့နေရာက အဲဒီဘက်မှာ ကမ်းခြေနဲ့မီတာ ၅၀ အကွာမှာရှိတဲ့နေရာမှာ နှစ်ထပ်အဆောက်အအုံအစား သုံးထပ်အဆောက်အအုံ ဆောက်လုပ်ရန် တင်ပြခြင်းဖြစ်ပါတယ်။ ဒါက လင်းသာကျေးရွာကမ်းခြေရဲ့ ပုံဖြစ်ပါတယ်။ အနီဝိုင်းပြ ထားတာကလည်း အဲဒီနေရာတွေပါ။ ဟိုတယ်ဆောက်လုပ်ဖို့ကို ကျွန်တော်တင်ပြတောင်းဆိုခြင်းဖြစ်ပါတယ်။ ဒါက ငပလီ ကမ်းခြေပါ။ ငပလီလမ်းစုံမှာ။ ဒါမှာလည်း အဲဒီမှာ အနီအစက်စက်ပြထားတာ ကျွန်တော်တို့ အဲဒီနေရာ တွေပါ။ နှစ်ထပ်အစား သုံးထပ်တို့ လေးထပ်တို့ဆောက်ဖို့ကို ကျွန်တော် တောင်းဆိုခြင်းဖြစ်ပါတယ်။ ဒါကတော့ အခု နိုင်ငံခြားဧည့်သည်တွေနဲ့ ပြည်တွင်းပြည်ပဧည့်သည်တွေလာလို့ရှိရင် တည်းခိုဖို့ အတွက် အဆင်မပြေဖြစ်နေရပါတယ်။ ဒီအဆောက်အအုံလေးက။ ဒီဟာကလည်း လောလောဆယ် ဆယ်မှာတော့ ဒီလိုပုံစံလေးတွေဆောက်ချင်ပါတယ်။ ကမ်းခြေအသိမ်းခံရတဲ့ဒေသခံများက ကီလို မီတာ ၅၀ ကျော်မှ မိမိတို့၏ ဥယျာဉ်၊ ခြံ၊ မြေအတွင်း တစ်ပိုင်တစ်နိုင်တည်း ခိုခန်းများဖွင့်လှစ်ဖို့

လိုပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံများစီးပွားရေးအဆင်ပြေပြီး နိုင်ငံတော်ကို ဝင်ငွေရရှိရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဌာနမှ ထုတ်ပြန်ထားတဲ့ (၁/၂၀၁၅) နှင့် (၂/၂၀၁၅) တို့မှာ မီတာ ၅၀ ကျော်မှာ အဆောက်အအုံများကို အမြင့်ပေ ၁၀ ထက်အဖြစ် မသတ်မှတ်ဘဲ နှစ်ထပ်အဆောက်အအုံ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်မေးမြန်းထားတဲ့ မြန်မာနိုင်ငံအတွင်းရှိ ငပလီကမ်းခြေအပါအဝင် ချောင်းသာ၊ ငွေဆောင်ကမ်းခြေအတွင်းရှိ တည်းခိုရိပ်သာများ၊ ဘန်ဂလိုများနှင့် ဟိုတယ်များအား အမြင့်ပေ ၃၀(၂) ထပ် အဆောက်အဦများအစား (၃) ထပ်နှင့် (၅) ထပ် အဆောက်အဦအဖြစ် ပြောင်းလဲဆောက်လုပ် ခွင့်ပြုရန်အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် စတင်ဆောက်လုပ်ခွင့်ရပါမည်နှင့် မရှိပါက အသယ်ကြောင့်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ပြန်ကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ကမ်းခြေဒေသများအပါအဝင် မည်သည့်နေရာဒေသတွင်မဆို ဟိုတယ်နှင့်တည်းခိုရိပ်သာများ ဆောက်လုပ်ခွင့်နှင့် လုပ်ငန်းလိုင်စင်များခွင့်ပြုပေးရာတွင် တည်ဆဲမြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်များကို အခြေခံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ထောက်ခံချက်၊ သဘောထားများ၊ ဤဝန်ကြီးဌာနများ၏ ဒေသရုံးခွဲမှ စိစစ်တင်ပြချက်များအပေါ်တွင် ဝန်ကြီးဌာန၏ စီမံခွန့်ခွဲမှုကော်မတီအစည်းအဝေးသို့ တင်ပြပြီးခွင့်ပြုပေးလျက်ရှိပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် တည်ဆဲမြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)အရ အပ်နှံထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကမ်းခြေဒေသများကို ပြည်တွင်းပြည်ပ ဧည့်သည်များလည်ပတ်နိုင်သောခရီးစဉ်ဒေသများအဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅) နှင့် ကမ်းခြေဒေသရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန်အမိန့်၊ အမိန့်

မူကြမ်း

ကြော်ငြာစာအမှတ်(၂/၂၀၁၅)တို့ကို ၁-၁-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်၍ မြန်မာနိုင်ငံအတွင်းရှိ ကမ်းခြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အထက်ပါကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)၊ အပိုဒ် ၂ တွင် ကမ်းခြေဒေသတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာများ တည်ဆောက်လိုသူသည် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေပုဒ်မ ၈ အရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ လုပ်ငန်းစီမံချက် စတင်အကောင်အထည်မဖော်မီ ကြိုတင်ခွင့်ပြုချက် ရရှိရန် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ တင်ပြရမည်ဟု ဖော်ပြထားရှိပြီး အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ)တွင် ဟိုတယ်နှင့်တည်းခိုရိပ်သာများ၊ အပန်းဖြေစခန်းများတည်ဆောက်ရာတွင် ယေဘုယျအားဖြင့် ၁၀ မီတာအထက် မမြင့်သော နှစ်ထပ်အဆောက်အအုံထက်မပိုစေရဟု ဖော်ပြပါရှိပါတယ်။

သို့ဖြစ်ပါ၍ ဤဝန်ကြီးဌာနအနေနဲ့ လက်ရှိတည်ဆဲဥပဒေ၊ အမိန့်များအရ ကမ်းခြေဒေသများ တွင် ကမ်းခြေဒေသရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန်အမိန့်၊ အမိန့်ကြော်ငြာ စာအမှတ်(၂/၂၀၁၅) နှင့်အညီ တင်ပြလာသော ဟိုတယ်နှင့်တည်းခိုရိပ်သာ အဆောက်အဦများကိုသာ ခွင့်ပြုပေးပြီး ယင်းထက်ပိုမို၍မြင့်မားသော အဆောက်အဦများကို ဆောက်လုပ်ခွင့်မပြုသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှလည်း ငပလီ ကမ်းခြေဒေသတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ တည်ဆဲဥပဒေ၊ အမိန့်များအတိုင်းသာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားထားရှိပါတယ်။

သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က လက်ရှိပြဌာန်းထားသော ကမ်းခြေဒေသများ တွင် ကမ်းခြေဒေသရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန် အမိန့်၊ အမိန့်ကြော်ငြာ စာအပေါ်တွင် ခေတ်ကာလအခြေအနေ၊ အချိန်အခါနှင့် မလျော်ညီဟုယူဆသောအချက်များ၊ ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းသင့်သည့်အချက်များကို ဟိုတယ်လုပ်ငန်းရှင်များအသင်း(ချောင်းသာဇုန်)နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံးခွဲတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် နေဆဲဖြစ်ကြောင်းနှင့် ရရှိလာမည့် ဆွေးနွေးမှုရလဒ်များအပေါ် ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြလာ မည်ဖြစ်ကြောင်း ဖြေကြားထားရှိပါ၍ အနာဂတ်တွင် တိုင်းဒေသကြီး/ပြည်နယ်များမှ ကမ်းခြေဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုအခြေအနေ၊ ကမ်းခြေဒေသ၏ မြေပြင်ဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှု

အခြေအနေ၊ ကမ်းခြေဒေသ၏ မြေပြင်အခြေအနေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကမ်းခြေသဘာဝ အလှအပထိခိုက်နိုင်မှုရှိ/မရှိ၊ ကမ်းခြေနေပြည်သူများ၏ မိသာစုစားဝတ်နေရေးကို အထောက်အကူ ပြုမှုနှင့် ဧည့်သည်များနေထိုင်မှုပိုမိုအဆင်ပြေစေရေး အခြေအနေများအပေါ် လေ့လာသုံးသပ်အဖြေ ရှာ၍ တင်ပြချက်များရရှိလာပါက ဤဝန်ကြီးဌာနသည် ဒေသတွင်းနှင့် နိုင်ငံတကာကမ်းခြေများရှိ ဟိုတယ်တည်ဆောက်ဝန်ဆောင်မှုပေးနေသော နည်းစနစ်များနှင့်ပေါင်းစပ်၍ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍတို့ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းပြီးမှသာလျှင် လက်ရှိအမိန့်ကို လိုအပ်သောပြင်ဆင်မှုများ ဆောင်ရွက်ပြီးမှ ဆောက်လုပ်ခွင့်ပြုပေးနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လောလောဆယ်ကမ်းခြေဒေသများတွင် သတ်မှတ်ချက်ထက်ပိုမိုမြင့်မားသော ဟိုတယ်နှင့်တည်းခိုရိပ်သာများအား ခွင့်ပြုပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးမင်းကြည်(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက် တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါ။ ကျွန်တော်မေးတဲ့မေးခွန်းက ကျွန်တော်တို့အခု ဝန်ကြီးဖြေသွားတဲ့ ဥစ္စာ ကမ်းခြေနှင့် မီတာ ၅၀ ကနေပြီးတော့ အကွာအတွင်းမှာသာ သူက (၂) ထပ်ထက်မပိုရလို့ ပြောထားပါတယ်။ ဒါပေမယ့် အခုကျွန်တော်တောင်းဆိုတာက ခုနက Power Point မှာပြတဲ့အတိုင်း ဒေသခံပြည်သူတွေရဲ့ စားဝတ်နေရေးအဆင်ပြေစေဖို့၊ နောက်တစ်ခါ နိုင်ငံတော် ရဲ့စီးပွားရေးလည်း ဘတ်ဂျက်တွေကို ဝင်ငွေတွေနဲ့ရလာဖို့အတွက် မီတာ ၅၀ ထက်အကွာ ရွာထဲမှာ ရှိတဲ့ မီတာ ၁၅၀၊ ၂၀၀ လောက်အကွာမှာရှိတဲ့ ရွာထဲမှာကျွန်တော်တို့က ဆောက်ချင်တာပါ။ (၃)ထပ်တို့ (၄)ထပ်တို့က ဒေသခံရဲ့စီးပွားရေးအဆင်ပြေဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနကထုတ်ထား တဲ့ ကြေညာချက်အမှတ်(၁/၂၀၁၅)နဲ့ (၂/၂၀၁၅)ကို ဒေသခံတွေရဲ့ လိုအပ်ချက်အရ ပြုပြင်ပြောင်းလဲ ဖို့အချိန်မီ ပြုပြင်ပြောင်းလဲပြီးတော့ နိုင်ငံခြားဝင်ငွေရှာဖွေပေးဖို့ ထပ်မံပြီးတော့ တောင်းဆိုချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော် ခုနကဖြေကြားသွားတဲ့ ဒီကိစ္စနှင့်စပ်လျဉ်းပြီးတော့မှ ကျွန်တော်တို့က ရခိုင်ပြည်နယ်အစိုးရနှင့်လည်း တိုင်ပင်ပြီးတော့မှ သူတို့ရဲ့သဘောထား၊ သူတို့ရဲ့ သုံးသပ်ချက်ကို ကျွန်တော်တို့က နာယူပြီးတော့မှ ဒီဆောက်လုပ်မိန့်များကို ဆက်လက်ပြီးတော့မှ ဆောင်ရွက်ပေးနေပါတယ်။ ထိုနည်းလည်းကောင်းပဲ

ဧရာဝတီတိုင်းဒေသကြီးကျတော့ သူတို့က ဒီခေတ်နဲ့မလျော်ညီတဲ့ ဒီဖြည့်စွက် ပြင်ဆင်ပြဋ္ဌာန်းပေးရန် အချက်များကို ဟိုတယ်လုပ်ငန်းရှင်အသင်း(ချောင်းသာဇုန်)နဲ့ ကျွန်တော်တို့ ဟိုတယ်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးတို့ရုံးခွဲသို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ပါကြောင်းနဲ့ ရရှိလာမည့် ဆွေးနွေးမှုများ၊ ရလဒ်မှုများအပေါ် ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြလာမည်ဖြစ်ကြောင်း ဖြေကြားထားရှိပါပြီးတော့ အနာဂတ်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကမ်းခြေဒေသ ခရီးသွားလာ ဖွံ့ဖြိုးမှုအခြေအနေ၊ ကမ်းခြေဒေသ၏ မြေပြင်အခြေအနေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကမ်းခြေ သဘာဝအလှအပ ထိခိုက်နိုင်မှုရှိ/မရှိ၊ ကမ်းခြေနေပြည်သူများ၏ မိသားစုစားဝတ်နေရေးကို အထောက်အကူပြုမည့် ဧည့်သည်များနေထိုင်မှု ပိုမိုအဆင်ပြေစေရေးအခြေအနေများအပေါ် လေ့လာ သုံးသပ် အဖြေရှာပြီးတော့မှ အဲဒီတင်ပြချက်များအပေါ်မှာရရှိလာတဲ့ အဖြေပေါ်မှာမူတည်ပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့မှ ပုဂ္ဂလိကကဏ္ဍတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းပြီးတော့မှ ကျွန်တော်တို့ လက်ရှိအမိန့်ကို လိုအပ်သောပြင်ဆင်မှုများ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ကိုယ်စားလှယ်များအနေနဲ့ မေးခွန်းမေးတဲ့အခါမှာ မေးခွန်းက ကိုယ်မေးတဲ့မေးခွန်းက ရှင်းဖို့လိုပါတယ်။ အဲဒီမေးခွန်းအပေါ်မှာ ဝန်ကြီးဌာနက လာဖြေတာဖြစ်တယ်။ အခုဒီမှာမေးခွန်းမှာက ရေးထားတာ ငပလီ၊ ချောင်းသာ၊ ငွေဆောင် ကမ်းခြေအတွင်းရှိ တည်းခိုရိပ်သာ များ အဲဒီလိုမေးတဲ့အခါကျတော့ ခုနက ပေ ၅၀ အတွင်းမှာရှိတဲ့ ကမ်းခြေအတွင်းမှာရှိတဲ့ တည်းခိုရိပ် သာများအပေါ်မှာပဲ ဘန်ဂလိုများအပေါ်မှာပဲ ဖြေမှာပေါ့။ ခုနက ဆက်စပ်မေးခွန်းဆိုပြီး ပြန်မေးလိုက် တဲ့အခါကျတော့ ရွာထဲမှာ ဆောက်ချင်တယ်။ ရွာထဲမှာဆောက်ချင်ရင် ဒါဟာဘာနဲ့ဆိုင်သွားမလဲ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့်ဆိုင်မလား။ စည်ပင်နဲ့ဆိုင်မှာလား။ အုပ်ချုပ်ရေးပိုင်းနဲ့ ဆိုင်မှာလား။ ဒါဟာရှိတယ်။ အခုနက ဝန်ကြီးဌာနအနေနဲ့ကတော့ ဟိုတယ်နဲ့ပတ်သက်တဲ့၊ ဘန်ဂလိုနဲ့ ပတ်သက်တဲ့ အပေါ်မှာပဲ ဖြေမှာ။ အဲဒီတော့ မေးကတည်းကိုက ဒီမှာကမ်းခြေအတွင်းရှိ တည်းခိုရိပ်သာ ဘန်ဂလိုကိုမေးတာ။ ဒီပေါ်မှာပဲဖြေမယ်။ ဆက်စပ်မေးခွန်းကျတော့ ရွာရောက်သွားတယ်။ အဲဒီလို အစ ကတည်းက ရွာထဲမှာနှစ်ထပ်သုံးထပ်ဆောက်ချင်ရင် ရွာထဲကိုမေးလိုက်။ အဲဒါဆို ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာနနဲ့ ဆိုင်ချင်မှဆိုင်မယ်။ ဆိုင်တဲ့ဝန်ကြီးဌာနက လာဖြေမယ်။ အဲဒီအခါကျတော့ ကိုယ်မေးတဲ့မေးခွန်းဟာ အကျိုးအာနိသင်ရှိပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းကို ကျွန်တော်တို့က သေသေချာချာလေးကို ကိုယ်မေးတဲ့မေးခွန်းကို စနစ်တကျ ဘာကိုဆိုလိုချင်တာလဲ ကိုယ်ကဘာကို

လိုချင်တာလဲ။ အဲဒါလေးကို ကျွန်တော်တို့ ကိုယ်စားလှယ်များ ပိုင်းပိုင်းခြားခြား လုပ်ဖို့လိုပါတယ်။ ဒီမှာကတော့ ကျွန်တော်တို့ကို မေးခွန်းပို့တဲ့အခါကျတော့ ကမ်းခြေမှာရှိတဲ့ တည်းခိုရိပ်သာနဲ့ ဘန်ဂလိုပဲ ပြောတော့ ကျွန်တော်တို့က လွှတ်တော်ပိုင်းက ရုံးပိုင်းဆိုင်ရာတွေက ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနကို ဖြေပို့ပဲပို့ပါတယ်။ တကယ်လို့ ရွာထဲမှာဆောက်ချင်ရင်တော့ ရွာနဲ့ဆိုင်တဲ့ဝန်ကြီးဌာနကိုပို့မှာပေါ့။ အဲဒီအခါကျတော့ မေးခွန်းနှင့်အဖြေနဲ့က အံဝင်ခွင်ကျသွားမယ်။ အဲဒါလေးကို ကျွန်တော်တို့ ကိုယ်စားလှယ်များက နည်းနည်းလေး ဂရုစိုက်ပေးဖို့လိုပါတယ်။ မေးခွန်းများဖြေကြားပေးတဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**One Stop Service (OSS)ရုံး ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်(၄)ရပ်ကို အကောင်အထည်ဖော်နိုင်ရန် မည်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ One Stop Service (OSS)ရုံး ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်(၄)ချက်ကို အကောင်အထည်ဖော်နိုင်ရန် မည်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် OSS ရုံးကနေ ဝန်ဆောင်မှုပေးဖို့အတွက်ရည်ရွယ်ထားတဲ့ လုပ်ငန်းအမျိုးအစား ၁၅ မျိုးမှ အရေအတွက်မည်မျှကို One Stop Service ဖြစ်စေဖို့အတွက် စီမံဆောင်ရွက်ပြီးဖြစ်နေသည်နှင့် မည်မျှတာဝန်ခံဆောင်ရွက်နေသည်ကို သိရှိလိုတဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အကြောင်းကတော့ အခုကျွန်တော်တို့ ပြည်သူ့ဝန်ဆောင်မှုရုံးတွေက အခုမြို့နယ်တိုင်းမှာရှိပါတယ်။ ဒါပေမဲ့ အဲ့ဒါကိုပြည်သူနဲ့ဝန်ထမ်းတွေက စိတ်ဝင်စားမှုနည်းနေပါတယ်ခင်ဗျား။ ပြည်သူကလည်းစိတ်ဝင်စားမှုနည်းတယ်၊ အကျိုးသက်ရောက်မှုနည်းတယ်လို့ခံစားရသလို ဝန်ထမ်းတွေကလည်း ဘာပြောသလဲဆိုတော့ ဒီကိုဌာနကနေ လူတစ်ယောက်တစ်ယောက်ပို့ပေးရတာဟာ သူတို့အတွက်လုပ်အားဆုံးရှုံးတယ်လို့ ခံစားနေရတယ်ဆိုပြီးတော့ ဌာနတွေဘက်ကပြောလာတာလည်းရှိပါတယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့ OSS ရုံးတွေမှာ ဌာနဆိုင်ရာကဝန်ထမ်းတွေမဟုတ်ဘဲနဲ့ OSS ရုံးကို ဆက်လက်အကောင်အထည်ဖော်မယ်ဆိုရင် ဝန်ဆောင်

မှုကောင်းသော ဝန်ထမ်းများ OSS ရုံးအတွက် သတ်သတ်ထပ်ခန့်သင့်သလားဆိုတာလည်း ဝန်ကြီးဌာနအနေနဲ့ စဉ်းစားစေချင်ပါတယ်။

နောက် ဝန်ဆောင်မှုလုပ်ငန်းတွေကို ရည်ရွယ်ချက်(၄)ချက်နဲ့ ဖော်ဆောင်နေတာတွေ့ရပါတယ်။ အဲဒါဘာလဲဆိုတော့ ပြည်သူလူထု၏အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေသော ဝန်ဆောင်မှုများပေးရန်၊ ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှုတိုးပွားစေရန်၊ တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ ဌာနများအလိုက်အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှုအလေ့အကျင့်အား မွေးမြူပေးရန်ဆိုတဲ့ ရည်ရွယ်ချက်လေးချက်ရှိပါတယ်။ အဲဒီမှာအဓိကကတော့ ပြည်သူကအစိုးရနှင့်ဌာနဆိုင်ရာတွေအပေါ် အားကိုးယုံကြည်မှုတိုးပွားစေရန်ဆိုတာ။ အဲဒီတော့ ပြည်သူရဲ့ ယုံကြည်မှုကို အရင်တည်ဆောက်ဖို့လိုပါတယ်။ ယုံကြည်မှုတည်ဆောက်မယ်ဆိုရင်တော့ စောစောကပြောတဲ့ OSS ရုံးမှာ ဆောင်ရွက်ပေးမယ့်လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က လုပ်နိုင်သလောက်ပဲ ပြောဖို့လိုပါတယ်။ ၁၅ ခုအဆင်ပြေရင် ၁၅ ခု၊ ၅ ခုပဲ အဆင်ပြေရင် ၅ ခုပါ။ အဲဒီတော့ ကျွန်တော်တို့က ပြောထားပြီးတော့ မလုပ်နိုင်ဘူးဆိုရင် ဒါဟာပြည်သူကိုလည်းမလေးစားရာကြပါတယ်။ အဲဒီတော့ ယုံကြည်မှုလည်းပျက်စေပါတယ်။ ဒါကြောင့် ကျွန်တော်တို့က လုပ်ပေးနိုင်သလောက်ပြောပြီးတော့ ပြောသလောက်ကို အကောင်အထည်ဖော်ပေးနိုင်စေလိုပါတယ်။ နောက် ဝန်ဆောင်မှုနဲ့ပတ်သက်ပြီးတော့ ပြည်သူကသွားပြီဆိုတဲ့အခါကျရင် မိမိရဲ့လိုအပ်ချက်ကို အပြည့်အစုံပေးဖို့ဆိုတာ ဒါက ပြည်သူရဲ့တာဝန်ပါ။ ပြည်သူရဲ့တာဝန်က ပြီးပြီဆိုရင် ကျွန်တော်တို့ ဒီ OSS ရုံးတွေအနေနဲ့ တာဝန်ကတော့ ကျွန်တော်တို့ဒါနဲ့ပတ်သက်ပြီးတော့ လုပ်ကိုင်ဖို့ကို အချိန်တိတိကျကျနဲ့ ပြန်ပြီးတော့ ချိန်းဆိုဖို့ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေဟာ သွားတဲ့နေရာမှာ အချိန်ဟာငွေဖြစ်နေပါတယ်။ အချိန်ဟာ ဘဝဖြစ်နေပါတယ်။ နောက်ထပ်ခါထပ်ခါ အချိန်းခံရတဲ့အခါကျတော့ စိတ်ဖိစီးမှုဟာလည်း အစိုးရနဲ့ပြည်သူကြားကို ယုံကြည်မှုထိခိုက်စေပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက ဒီလို OSS ရုံးတစ်နေရာတည်းကနေပြီးတော့ လာဘ်ပေးလာဘ်ယူမှုတွေ၊ အဂတိလိုက်စားမှုတွေကို တားမြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ပြည်သူဟာ ဝန်ကြီးဌာနတွေအားလုံးကို လိုက်တွေ့စရာမလိုဘဲနဲ့ တစ်နေရာတည်းမှာတွေ့ရတဲ့အတွက်ကြောင့် ဒီနေရာမှာတစ်နေတည်းမှာဖြစ်ရင် လာဘ်ပေးလာဘ်ယူလုပ်ဖို့ကို အဆင်မပြေပါဘူး။ ဒါကြောင့် OSS ရုံးတွေမှာ အဲ့ဒီလိုတိတိကျကျ

လုပ်ပေးဖို့လိုပါတယ်။ မလုပ်ပေးနိုင်သေးဘူးဆိုရင်လည်း မလုပ်ပေးနိုင်တဲ့ကိစ္စကို စာရင်းမှတ်ထားပြီးတော့ နောက်ဘယ်လိုဖြေရှင်းမလဲဆိုတာကို ပြင်ဆင်ထားစေလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်လာဘ်ပေးလာဘ်ယူနဲ့အဂတိကိုပြောရရင် ကျွန်တော်တို့က OSS ရုံးဆိုရင်တော့ မြို့နယ်တွင်းကိုပဲပြောတာပါ။ ဒါပေမဲ့ တစ်ခါတလေကျရင် ဘာဖြစ်လာလဲဆိုတော့ ခရိုင်၊ ပြည်နယ်၊ ပြည်ထောင်စုအဆင့်တွေကလည်း ကျွန်တော်တို့အခုဒီမြို့နယ်မှာရှိတဲ့ ဦးစီးမှူးတွေရဲ့ ထောက်ခံမှုမရှိခြင်းအပေါ်ကိုအလေးအနက်ထားစေလိုပါတယ်။ ဘာလို့လဲဆိုတော့ ပြည်သူနဲ့တိုက်ရိုက်ထိတွေ့ရတာက မြို့နယ်ကဦးစီးမှူးတွေဖြစ်ပါတယ်။ အဲဒီလို ဦးစီးမှူးတွေက ဥပဒေအရမဖြစ်နိုင်တဲ့ကိစ္စတွေကိုလုပ်ထားရင်လည်းအပေါ်ကအလေးအနက်ထားစေလိုပါတယ်။ အဲဒါမှလည်း ကျွန်တော်တို့ OSS ရုံးတွေကို ပြည်သူတွေကစိတ်ပါဝင်စားလာရာကနေ ယုံကြည်မှုရရှိလာမှာဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးမေးတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာရှင်းလင်းတင်ပြသွားပါမယ်။

နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသများ၊ ခရိုင်/မြို့နယ်များမှာဖြန့်ခွဲပြီးတော့ နိုင်ငံတော်နှင့်နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကိုစဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ အစိုးရဝန်ကြီးဌာနများအနေနဲ့ လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးတဲ့အခါမှာ One Stop Service နှင့် One Stop Shop ဟူပြီး နှစ်မျိုးခွဲခြားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ One Stop Service ဆိုတာကတော့ လုပ်ငန်းအကြောင်းအရာတစ်ခုတည်းအတွက်ကို ရည်ရွယ်ပြီး

ထိုလုပ်ငန်းပြီးမြောက်စေရန် လိုအပ်တဲ့စာရွက်စာတမ်းများ၊ ထောက်ခံချက်များကို သက်ဆိုင်ရာဌာနများသို့ သွားရောက်ဆောင်ရွက်ရန်မလိုဘဲ တစ်နေရာထဲမှာ ပြီးမြောက်အောင်ဆောင်ရွက်ပေးသော လုပ်ငန်းဖြစ်ပါတယ်။ ယခုအခါ One Stop Service အဖြစ် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှာ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းကို စားသုံးသူရေးရာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနများအပါအဝင် ဌာနကိုးခုနဲ့ တစ်နေရာတည်းမှာဆောင်ရွက်ပေးလျက် ဖြစ်ပါတယ်။ အလားတူ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာလည်း သွင်းကုန်/ထုတ်ကုန်လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းကို ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအပါအဝင် ဌာန ၁၂ ခုတို့နဲ့ တစ်နေရာတည်းမှာ ဖွင့်လှစ်ပြီးဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ ယခု မြို့နယ်အလိုက်ဖွင့်လှစ်ရှိတဲ့ ပြည်သူ့ဝန်ဆောင်မှုရုံး OSS ကတော့ One Stop Shop ဝန်ဆောင်မှုရုံးဖြစ်ပါတယ်။ ဒီ One Stop Shop ဟာ သက်ဆိုင်ရာဌာနတစ်ခုစီကနေ ဝန်ထမ်းကိုယ်စားလှယ်တွေကို ပြည်သူ့ဝန်ဆောင်မှုရုံးသို့စေလွှတ်ပြီး ယင်းတို့ရဲ့သက်ဆိုင်ရာဌာနရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ကိုယ်ပိုင်ကောင်တာများကို တစ်နေရာထဲမှာထားရှိပြီး ပြည်သူများကို ဝန်ဆောင်မှုရယူသူများအတွက် အချိန်ကုန်သက်သာပြီး လွယ်ကူမှုရရှိစေရန် ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံးများမှာ အဓိကအားဖြင့် စားသောက်ဆိုင်၊ ပုဂ္ဂလိကအိမ်ဆိုင်လုပ်ငန်း လိုင်စင်ရယူခြင်းကိစ္စရပ်များ၊ ယစ်မျိုးလိုင်စင်အပါအဝင် အခွန်လေးမျိုးကောက်ခံခြင်း၊ မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်ဆိုင်ရာကိစ္စရပ်များ၊ မြေငှားဂရန်လျှောက်ထားခြင်းကိစ္စများ၊ ဘိလိယက်ခုံလိုင်စင်ထုတ်ပေးခြင်းကိစ္စရပ်များ၊ ပျော်ပွဲရှင်ပွဲအတွက်ပွဲမိန့်လျှောက်ထားခြင်းကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားခြင်းကိစ္စရပ်များ၊ အိမ်ထောင်စုလူဦးရေပြောင်း/ဝင်/ထွက်ကိစ္စရပ်များ၊ မွေးဖွားမှုသေဆုံးမှုကိစ္စရပ်များ၊ ပထမသတင်းပေးတိုင်ကြားချက်များ၊ မီးဘေးလုံခြုံရေးကိစ္စရပ်များ၊ စည်ပင်နဲ့ ပတ်သက်တဲ့ ရေ၊ မီး၊ မိလ္လာသန့်ရှင်းရေးကိစ္စရပ်များ၊ သစ်တောနှင့်သက်ဆိုင်သောကိစ္စရပ်များ၊ လူမှုဖူလုံရေး၊ အလုပ်သမားအလုပ်အကိုင်ရရှိရေးကိစ္စရပ်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးပြီး ချက်ချင်းမဆောင်ရွက်ပေးနိုင်တဲ့လုပ်ငန်းများနဲ့ပတ်သက်ပြီး ဆောင်ရွက်ပုံနည်းအဆင့်ဆင့်နဲ့ လုပ်ထုံးလုပ်နည်းများကို အသိပေးရှင်းလင်းခြင်းနှင့် သက်ဆိုင်ရာဌာနများသို့ ညွှန်ပြပေးခြင်းများကို ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ အထက်မှာတင်ပြခဲ့တဲ့ OSS ရုံးမှ ဝန်ဆောင်မှုပေးနိုင်သည့်လုပ်ငန်းများကို

ဆောင်ရွက်ပေးခဲ့တဲ့ အခါမှာ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ စုစုပေါင်း လုပ်ငန်းအရေအတွက် ၁၅၅၈၇၆၁ ခုကိုဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ပြည်သူ့အတွက် OSS ဟူသောဆောင်ပုဒ်နှင့်အညီ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) များကို ရည်ရွယ်ချက်လေးရပ်ဖြင့်ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးအတွက်ကို လုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၃ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်ခန့်အပ်ပြီး အဖွဲ့ဝင် ၁၄ ဦးနဲ့ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။ ပြည်သူတို့ရဲ့ အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်ရေး အတွက် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)များကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ကနေ စတင်ဖွင့်လှစ် ခဲ့ပြီး မြို့နယ် ၃၃၀ ရှိတဲ့အနက် နယ်မြေအခြေအနေအရ မဖွင့်လှစ်နိုင်သေးတဲ့ ရုံး ၁၄ ရုံးမှအပ မြို့နယ် ၃၁၆ မြို့နယ်တို့မှာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးများအား ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးမှုအခြေအနေတွေကို သိသာ၊ မြင်သာစေရန်အတွက် ရုံးခန်းတစ်ခုတည်းမှာ ကောင်တာများ ဖွင့်လှစ်ထားရှိခြင်း၊ ရုံးအဝင်မျက်နှာစာမှာ ဌာနဆိုင်ရာအလိုက်ဆောင်ရွက်ပေးနိုင်မယ့် လုပ်ငန်းများကို ဗီနိုင်းဖြင့် ချိတ်ဆွဲထားခြင်း၊ ပြည်သူများ သိရှိစေရေးအတွက် သတင်း၊ ဂျာနယ်၊ မီဒီယာများမှလည်း အသိပေးဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးရဲ့ ရှေ့ပြေးအစီအစဉ်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအပါအဝင် ဌာနခုနစ်ခုနဲ့ စတင်ဆောင်ရွက်ခဲ့ကြပါတယ်။ ပြည်သူများရဲ့ အခြေခံလိုအပ်ချက်နှင့် တောင်းဆိုချက်များအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအပါအဝင် ဌာနရှစ်ခုကို ထပ်မံထည့်သွင်းပြီး ယခုအခါမှာတော့ စုစုပေါင်းဌာန ၁၅ ခုနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးတွေမှာ ဝန်ဆောင်မှုပေးလျက်ရှိတဲ့ဌာနတွေဟာ တိုင်းဒေသကြီး/ပြည်နယ်များရဲ့ လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး ကွာခြားမှုလည်းရှိနိုင်ပါတယ်။ ဥပမာအားဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ ငါးလုပ်ငန်းဦးစီးဌာနပါဝင်သော်လည်းပဲ ကျန်တဲ့တိုင်းဒေသကြီးနှင့်ပြည်နယ်တွေမှာ ပါဝင်မှုမရှိပါဘူး။ ဒါ့အပြင် မန္တလေးတိုင်းဒေသကြီးမှာတော့ သီးခြားအနေနဲ့ သဘင်အစည်းအရုံးတွေကိုလည်း OSS ရုံးတွေမှာ ထည့်သွင်းဖွဲ့စည်းတာဝန်ပေးလျက်

ရှိပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးတွေမှာ တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် ဌာနဆိုင်ရာအလိုက် ဖွဲ့စည်းပုံမရှိသေးသော်လည်းပဲ ဝန်ထမ်းများကို အလှည့်ကျဆောင်ရွက်ခြင်းထက် လုပ်ငန်းကျွမ်းကျင်မှု ရှိသူ၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူကိုရွေးချယ်ပြီး ပင်တိုင်တာဝန်ပေးအပ်နိုင်ရေးကိုလည်း ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအားဖြင့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံးကြီးကြပ်သူတာဝန်ခံအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးကနေ ဆောင်ရွက်ပြီး မြို့နယ် အုပ်ချုပ်ရေးမှူးမှ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ရာမှာ ပါဝင်တဲ့ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအနေနဲ့ မိခင်ဌာနမှာပေးတဲ့လုပ်ငန်းစဉ်များအားသုံးသပ်ပြီး အချိန်တို၍ ဈေးသက်သာစေမည့်နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းအချို့ကို တက်နိုင်သမျှ ဖြေလျှော့သွားနိုင်ရေး၊ ကာလတို သို့မဟုတ် တစ်ရက်တည်းဖြင့်ဆောင်ရွက်ပေးနိုင်မယ့်လုပ်ငန်း များအား ရွေးချယ်သတ်မှတ်ဆောင်ရွက်နိုင်ရေး၊ ဝန်ဆောင်မှုပေးနေသည့်ပုံစံများ၊ တာဝန်ပေးအပ် သည့် ဝန်ထမ်းများ ပုံမှန်ဖြစ်စေရေးတို့အတွက်လည်း သက်ဆိုင်ရာဌာနများနဲ့ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ ပြည်သူ့ဝန်ဆောင်မှုရုံးများ(OSS- One Stop Shop)မှ ဆောင်ရွက်ပေးနိုင်တဲ့လုပ်ငန်းတွေကို စဉ်ဆက်မပြတ်ဆန်းစစ်ပြီး အားနည်းချက်များပြုပြင်ကာ ဆက်လက်ဆောင်ရွက်နေခြင်းဖြင့် နောင်မှာပြည်သူများရယူလိုတဲ့ဝန်ဆောင်မှုကိစ္စရပ်များကို ဌာန ဆိုင်ရာအသီးသီးမှာ အချိန်ကုန်၊ ငွေကုန်ခံ၍ သွားရောက်ဆောင်ရွက်ရန်မလိုဘဲ OSS ရုံးတစ်ခုတည်း မှာသာ လွယ်ကူစွာဆောင်ရွက်သွားနိုင်သည့်အထိ ရည်မှန်းချက်ထားရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မိုပိုင်းလွတ်မြို့(အမည်မှား)အား မူလအမည်မှန်အတိုင်း မိုဝိုင်လွတ် မြို့ဟု ပြင်ဆင်ခေါ်ဝေါ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်အတွင်းမှာရှိတဲ့ လက်ရှိ အခေါ် မိုပိုင်းလွတ်မြို့နယ်၏အမည်ဟာ မြို့နယ်ခွဲမရမီကာလ မ.ဆ.လ ခေတ်မှ တပ်မတော်အစိုးရ

လက်ထက်အထိ ဒေသခံများသုံးစွဲခေါ်ဝေါ်ခဲ့တဲ့အမည်မှာ မိုဝိုင်လွတ်ဟုသာ သက်ဆိုင်ရာအစိုးရရုံးများမှာ တရားဝင်အသုံးပြုခေါ်ဝေါ်ခဲ့ပါတယ်။ ဒါပေမဲ့ အုပ်စုအဆင့်မှ မြို့နယ်အဆင့်တိုးမြှင့်ပေးသည့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှစပြီးတော့ မိုပိုင်းလွတ်မြို့နယ်ခွဲအမည်ဖြင့် ပြောင်းလိုက်ပြီးတော့ ဌာနဆိုင်ရာများ၏ ရုံးဆိုင်းဘုတ်များနဲ့ ရုံးတံဆိပ်များမှာ မှားယွင်းစွာ သုံးစွဲလာသည်ကို တွေ့ရှိရပြီး ယခု မြို့နယ်ခွဲမှ မြို့အဖြစ် ပြောင်းလဲသတ်မှတ်သည့်တိုင်အောင် ၎င်းမှားယွင်းတဲ့အမည်မှားကိုသာ အသုံးပြုနေဆဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မည်သည့်တိုင်းရင်းသားမဆို မြို့၊ ရွာများတည်တဲ့အခါမှာ ၎င်းတို့၏အယူအဆ၊ ဓလေ့ထုံးတမ်းအစဉ်အလာအရ အဓိပ္ပာယ်နှင့် အမည်နာမများကို အမြတ်တနိုးသတ်မှတ်ပြီးတော့ ခေါ်ဝေါ်ကြပါတယ်။ အလားတူပဲ မိုဝိုင်လွတ်ဟု ခေါ်ဝေါ်ထားသည့် အဓိပ္ပာယ်မှာ ဟူကင်းချင်းတိုင်းရင်းသားဘာသာစကားဖြင့် အရှေ့မှအနောက်သို့ သွယ်တန်းနေသော တောင်ရိုးကို အစွဲပြုပြီး တောင်ကနဲ့လန့် သို့မဟုတ် အလျားလိုက်လဲနေသောတောင်ရိုးဟူသော အဓိပ္ပာယ်ဖြင့် စော်ဘွားတစ်ဦးမှ အမည်ပေးခေါ်ဝေါ်ခဲ့တယ်လို့ သိရှိရပါတယ်။ ဒါပေမဲ့ မြို့နယ်ခွဲအဆင့်တိုးမြှင့်ပေးသည့်နေ့မှစပြီးတော့ မူလအမည်မှန်ကို အသုံးမပြုဘဲ မှားယွင်းစွာပြောင်းလဲခေါ်ဝေါ်နေတဲ့အတွက် ၎င်းဒေသခံပြည်သူများမှာ မူလအမည်မှန်အတိုင်း ပြောင်းလဲပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းများကို သုံးကြိမ်တိုင်တိုင် တင်ပြကြိုးစားခဲ့ပေမယ့်လို့ အလေးထားဆောင်ရွက်ပေးခြင်းမရှိတဲ့အတွက်ကြောင့် စိတ်မကောင်းစွာဖြင့် တင်ပြလာပါတယ်။ ဒါကြောင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်အတွင်းရှိ မိုပိုင်းလွတ်မြို့အမည်များအား မူလအမည်မှန်အတိုင်း မိုဝိုင်လွတ်မြို့ဟု ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံများ၏ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဌာနဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာရှိတဲ့ မြို့နယ်အလိုက် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများတည်ရှိမှုစာရင်း စာအုပ်မှာ လေရှီးမြို့နယ်၊ မိုပိုင်းလွတ်ကျေးရွာအုပ်စု၊ မိုပိုင်းလွတ်ကျေးရွာဟု ဖော်ပြပါရှိထားကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာတော့ ခန္တီးခရိုင်၊ လေရှီးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုငါးအုပ်စုနှင့် ကျေးရွာ ၁၄ ရွာကိုစုစည်းပြီး ရပ်ကွက်တစ်ရပ်ကွက်၊ ကျေးရွာအုပ်စုလေးအုပ်စုနှင့် ကျေးရွာ ၁၂ ရွာပါဝင်တဲ့ မိုပိုင်းလွတ်မြို့နယ်ခွဲအဖြစ် တိုးချဲ့ဖွဲ့စည်းခွင့်တင်ပြခဲ့ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်တဲ့ အုပ်ချုပ်ရေးဖြစ်စေဖို့အတွက် မြို့နယ်ခွဲများကို မြို့အဖြစ်သာ ဖွဲ့စည်းထားရှိရန် ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှာ မြို့နယ်ခွဲစကားရပ်ကို ပယ်ဖျက်ခဲ့တဲ့အတွက် မိုပိုင်းလွတ်မြို့နယ်ခွဲကို မိုပိုင်းလွတ်မြို့အဖြစ် ပြောင်းလဲအမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပါတယ်။

မိုပိုင်းလွတ်မြို့ကို မိုဝိုင်လွတ်မြို့အမည်ပြောင်းလဲရေးကိစ္စနှင့်ပတ်သက်ပြီးတော့ မြို့အတွင်းသို့ဒေသခံများရဲ့သဘောဆန္ဒအရ အမည်ပြောင်းလဲပြင်ဆင်ခွင့်ပြုပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှာကျင်းပတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) ဆုံးဖြတ်ချက် (၃) အရကန့်ကွက်ခြင်းဖြင့် ဆုံးဖြတ်ခဲ့ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတရုံးသို့ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှာ သဘောထားတင်ပြတောင်းခံခဲ့တဲ့အခါမှာ အစိုးရတာဝန်လွှဲပြောင်းကာလဖြစ်တဲ့အတွက် လုပ်ငန်းများရပ်ဆိုင်းပြီး နောင်အစိုးရလက်ထက်မှ ပြန်လည်တင်ပြရန် နိုင်ငံတော်သမ္မတရုံးမှ ပြန်လည်ပေးပို့ခဲ့ပါတယ်။ ဒါ့ကြောင့် မိုဝိုင်လွတ်အမည်ပြောင်းလဲရေးကိစ္စနှင့်ပတ်သက်ပြီး ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၆)ဆုံးဖြတ်ချက် (၅၂) မှထောက်ခံတင်ပြရန် ထပ်မံဆုံးဖြတ်ခဲ့ပါတယ်။ မိုပိုင်းလွတ်မြို့အမည်ကို ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့ မေးမြန်းချက်မှာတော့ မော်ဝိုင်လွတ်မြို့နယ်ခွဲဟူ၍လည်းကောင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး၏ မေးမြန်းချက်မှာတော့ မိုဝိုင်လွတ်မြို့ဟူ၍လည်းကောင်း၊ ဒေသခံ ဒင်းခိုပေါင်(ပညာရေးဌာန-ငြိမ်း)လေရှီးမြို့နယ်မှာ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

၂၂ ရက်စွဲပါစာဖြင့် ဦးကျော်ဌေး၊ လေရှီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးမင်းနိုင်၊ လေရှီးမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်သို့ လိပ်မူ၍ မြို့အမည်များယွင်းစွာသုံးစွဲနေမှုအား အမှန်ပြုပြင်ပေးနိုင်ရေးအတွက် လိုအပ်သလိုဆောင်ရွက်ပေးနိုင်ပါရန် စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လိပ်မူပေးပို့တဲ့စာမှာတော့ မြို့အမည်ကို မိုဝိုင်းလွတ်ဟု ပြင်ဆင်ပေးရန် တင်ပြလာကြောင်း တွေ့ရှိရတဲ့အတွက် ဒေသခံတို့၏ အမည်ပြင်ဆင်ပြောင်းလဲရေး တင်ပြချက်များမှာ သတ်ပုံအမျိုးမျိုးကွဲလွဲလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါ့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှာ ခန္တီးခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ မြို့အမည်မှန် ပြင်ဆင်နိုင်ရေးအတွက် ဒေသခံတို့ရဲ့ သဘောထားရယူပြီး ပြန်လည်တင်ပြစေခဲ့ပါတယ်။ ထိုသို့ အကြောင်းကြားချက်အရ မိုပိုင်းလွတ်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမမှာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ဒေသခံများရဲ့ သဘောထားဆန္ဒခံယူပွဲပြုလုပ်ပြီး ဒေသခံများ၏ သဘောဆန္ဒဖြင့် မိုဝိုင်းလွတ် အမည်ကို အတည်ပြုထောက်ခံခဲ့ပါတယ်။ သို့ပါ၍ ဒေသခံတို့၏ သဘောဖြင့် မိုပိုင်းလွတ်မြို့အား မိုဝိုင်းလွတ်မြို့အမည်ဖြင့် အမည်ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားရှိပြီးဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မန်ဝိန်းကြီးဒေသရှိ တရုတ်- မြန်မာနယ်ခြားဖြစ်သော (၅၃/၂)ကျောက်တိုင်အနီး တရုတ်နိုင်ငံဘက်မှ လယ်သမားများ ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်ခြင်းအား တားမြစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးချင်းဖေလင်း(မံစီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချင်းဖေလင်းဖြစ်ပါတယ်။ ကျွန်တော်တို့မံစီမြို့နယ်ဟာဆိုလို့ရှိရင် တရုတ်ပြည်နဲ့နယ်နိမိတ်ချင်းထိစပ်နေတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနယ်နိမိတ်ချင်း ထိစပ်

နေတဲ့နေရာဒေသတွေမှာ မကြာခဏဆိုသလို ကျွန်တော်တို့ မံစီမြို့နယ်၊ မန်ဝိန်းကြီးဒေသမှာရှိတဲ့ တောင်သူလယ်သမားတွေနဲ့ တစ်ဖက်နိုင်ငံက တောင်သူလယ်သမားတွေနဲ့ မြေယာပြဿနာ မကြာခဏဖြစ်ပွားလျက်ရှိပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ မန်ဝိန်းကြီးဒေသ ကျွန်တော့်မေးခွန်းထဲမှာပါတဲ့ (၅၃/၂)နှင့်(၅၃/၄)ကို ပြထားတဲ့မြေပုံဖြစ်ပါတယ်။ ဟိုးဘက်ကအဖြူကြောင်းလေးဟာဆိုလို့ရှိရင် သိပ်မထင်ဘူးဖြစ်နေတယ်။ အဲဒါက တရုတ်ဘက်ကနေ ရေကာတာတွေဆောက်ထားတဲ့ပုံကို ပြထားတာဖြစ်ပါတယ်။ ဒါက (၅၃/၂)ပါ။ ဟိုဘက်မှာမြင်နေရတဲ့ ကြံစိုက်ခင်းတွေက တရုတ်ကစိုက်ထားတာပါ။ ကျွန်တော်တို့ မြန်မာနယ်နိမိတ်လို့ယူဆလို့ရပါတယ်။ ဒါ ဒီဘက်က တရုတ်ဘက်ကနေမြင်ရတဲ့ပုံပါ။ ဟိုဘက်က ကြံခင်းတွေက ဒါ ကျွန်တော်တို့မြန်မာနယ်နိမိတ် လို့ထင်ရပါတယ်။ ဒါ အဝေးကနေမြင်ရတဲ့ပုံပါ။ ဒီဘက် ကျွန်တော်တို့ဓာတ်ပုံရိုက်ထားတဲ့အခြမ်းက တရုတ်နယ်နိမိတ်ပါ။ ဟိုဘက် ကြံစိုက်ထားတဲ့ဘက်က မြန်မာဘက်ခြမ်းပါ။ ဒါကတော့ မနေ့ကမှ မံစီ မြို့နယ်က ဌာနဆိုင်ရာတွေသွားပြီးမှ မှတ်တမ်းယူနေတဲ့ပုံပါ။ အခု ကြံတွေလည်း အကုန်လုံးရိတ်ပြီး သွားပါပြီ။ အခုချိန်မှာ နယ်နိမိတ် သတ်သတ်မှတ်မှတ်တိုင်းတာမယ်ဆိုလို့ရှိရင် အကောင်းဆုံး အခြေအနေတစ်ခုဖြစ်ပါတယ်။ ဒါကတော့ မံစီမဲဆန္ဒနယ်ရဲ့ကိုယ်စားလှယ်လည်းဖြစ်သလို၊ ဒေသခံ လည်းဖြစ်တဲ့ ကိုစိုင်းအေးမင်းက ကျွန်တော်တို့ကို မြေပုံနှင့်တကွ ဌာနဆိုင်ရာတွေနဲ့ ကိုယ်စားလှယ် တွေကို ရှင်းပြနေတဲ့ပုံပါ။ ဒါက နယ်စပ်မြစ်ရိုးတစ်လျှောက် ဖြစ်ပျက်နေတဲ့ပုံတွေကို အသေးစိတ် ရှင်းပြနေတာပါ။ ဒါ တရုတ်ဘက်ကမ်းကနေပြီးမှ ရေကာတာအခိုင်အမာတည်ဆောက်ထားတဲ့ပုံပါ။ ဒါ ကျွန်တော်တို့ မြန်မာဘက်အခြမ်းမှာ ဘာမှမရှိပါဘူး။ ဒါက တစ်ဖက်နိုင်ငံကနေပြီးမှ သောင်တွေ၊ သဲတွေလာတူးတဲ့အခါကျ ကျွန်တော်တို့ဘက် ကမ်းပါးတွေပြိုနေတဲ့ပုံပါ။ လယ်တွေလည်း တော်တော် ပါသွားပါပြီ။ ဒါက ကျွန်တော်တို့ အရင်တုန်းက ဆောက်ခဲ့တဲ့ရေကာတာ၊ တစ်ဖက်ရဲ့ရေထိုးအား ကြောင့်၊ ရေဦးထိုးတဲ့အခါကျတော့ ရေကာတာတွေမခံနိုင်တော့လို့ အကုန်လုံးကွဲပြိုတော့မယ့်ပုံစံ ဖြစ်နေပါတယ်။

ဒါက ပန်ခမ်းတံတားနားက တရုတ်ကနေ လက်တံရှည်သဲစုပ်စက်လှေနဲ့ မြန်မာဘက်ကို သဲလိုက်စုပ်နေတဲ့ပုံပါ။ ဒါက ဌာနဆိုင်ရာတွေနဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ အဲဒီကျောက်တိုင် (၅၃/၄)ဟာဆိုလို့ရှိရင်လည်း အခု ဒီနှစ်မိုးရွာလို့ရှိရင် ရေထဲပြိုကျတော့မယ့်အနေအထားဖြစ်နေပါ တယ်။ တကယ်လို့ ဒီကျောက်တိုင်ကြီးကပြိုကျသွားမယ်ဆိုရင် နယ်စပ်ကျောက်တိုင်ဆိုတာ ချက်ချင်း ပြန်ပြီးတော့မှ ကောက်ထောင်လိုက်လို့ရတဲ့ဟာမျိုးမဟုတ်ပါဘူး။ အခု အဲဒါဆိုလို့ရှိရင် ပြီးခဲ့တဲ့လကမှ

ကျွန်တော်တို့သွားပြီးတော့မှရိုက်ထားတာ ဝါးရုံကြီးကပြိုကျနေပြီဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် အဲဒီဝါးရုံကမရှိတော့ပါဘူး။ ဒါပေမဲ့ မနေ့ကမှတ်တမ်းဓာတ်ပုံမှာ ဝါးရုံကပါသွားပါပြီ။ အခုဆိုလို့ရှိရင် ဒီနှစ်ရေကြီးတာနဲ့ အဲဒီကျောက်တိုင်ကြီးပြိုသွားမယ့်အနေအထားရှိနေပါတယ်။ ဒါ မနေ့ကအခြေအနေပါ။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ မံစီမြို့နယ်၊ မန်ဝိန်းကြီးဒေသမှာရှိတဲ့ တရုတ်-မြန်မာနယ်စပ်ဖြစ်တဲ့ (၅၃/၂)ကျောက်တိုင်အနီး တရုတ်ဘက်ကနေမှ မြန်မာဘက်ကို လယ်သမားတွေလာပြီးမှဝင်ရောက်စိုက်ပျိုးလုပ်ကိုင်နေခြင်းကို တားမြစ်ပေးဖို့အစီအစဉ်ရှိ/မရှိနှင့် နယ်နိမိတ်ကျောက်တိုင်အမှတ်(၅၃/၄)ကိုလည်း ချောင်းအတွင်းမှာပြိုကျခါနီးဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ အချိန်မီချောင်းရိုးတစ်လျှောက် မြေထိန်းနံရံတည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချင်းဖေလင်းရဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြသွားပါမယ်။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊ မန်ဝိန်းကြီးဒေသ၊ ပန်ခမ်းကျေးရွာအုပ်စုဟာ တရုတ်နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နယ်မြေဖြစ်ပါတယ်။ မြန်မာ-တရုတ်နယ်စပ်နယ်ခြားမျဉ်းဟာ ပန်ခမ်းကျေးရွာရှိ နမ့်ဝမ်ချောင်းအလယ်မှာတည်ရှိပြီး နယ်နိမိတ်မှတ်တိုင်အမှတ်(၅၃/၂)ဟာ မြန်မာနိုင်ငံဘက်ခြမ်းရှိ ပန်ခမ်းအုပ်စု၊ နောင်မွန်းကျေးရွာနှင့် တရုတ်နိုင်ငံဘက်ခြမ်းရှိ ကောင်းခမ်းကျေးရွာနှင့် လွယ်ဝိန်းကျေးရွာ၊ နယ်နိမိတ်မှတ်တိုင်အမှတ်(၅၃/၄) ဟာ မြန်မာနိုင်ငံဘက်ခြမ်းမှာရှိတဲ့ မန်အိုက်ကျေးရွာနှင့် တရုတ်နိုင်ငံဘက်ခြမ်းရှိ မန်ပန်ကျေးရွာတို့နဲ့ထိစပ်လျက်ရှိပါတယ်။ အဆိုပါနယ်စပ်ဒေသသည် မံစီမြို့နယ်အတွင်းတည်ရှိသော်လည်းပဲ မံစီမှ တိုက်ရိုက်သွားရောက်ရန်ခက်ခဲပြီး မန္တလေး-မူဆယ်-နမ့်ခမ်း-မန်ဝိန်းကြီးဘက်မှတစ်ဆင့် သွားရောက်ရတဲ့ဒေသလည်းဖြစ်ပါတယ်။

မံစီမြို့နယ်၊ မန်ဝိန်းကြီးဒေသ၊ ပန်ခမ်းဂိတ်အနီးမှာ မြန်မာ-တရုတ်နယ်ခြားနယ်နိမိတ်မှတ်တိုင် (၅၃/၂)အနီးမှာ မြန်မာဘက်ခြမ်းမှာ မြန်မာ့လယ်ယာမြေပေါ်မှာ တရုတ်စီးပွားရေးလုပ်ငန်းရှင်များမှ

မြန်မာတောင်သူများကို ကြိုတင်ငွေအရင်းအနှီးစိုက်ထုတ်ပေးပြီး သီးနှံပေါ်ချိန်မှာ ကာလပေါက်စျေးဖြင့် ငွေအရင်းအနှီးစိုက်ထုတ်ပေးသူထံ ပြန်လည်ရောင်းချကာ ချေးယူထားတဲ့ငွေကို ပြန်လည်ပေးဆပ်တဲ့စနစ်နဲ့ စိုက်ပျိုးနေခြင်းများရှိကြောင်းနှင့် အဆိုပါနယ်နိမိတ်မှတ်တိုင်(၅၃/၂)အနီးမှာရှိတဲ့ မြန်မာ့လယ်ယာမြေပေါ်မှာ တရုတ်နိုင်ငံသားများ ဝင်ရောက်လုပ်ကိုင်နေကြောင်း စိစစ်တွေ့ရှိရပါက ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး ပြဋ္ဌာန်းချက်များအက်ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မြန်မာ-တရုတ်နယ်နိမိတ်မှတ်တိုင်အမှတ်(၅၃/၄)ကို ကမ်းပါးပြိုကျမှုနှင့်အတူ ပြိုလဲမကျစေရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၁၀ မှ ဗန်းဇော်ခရိုင်၊ မံစီမြို့ရှိ မြန်မာ-တရုတ်နယ်နိမိတ်မှတ်တိုင်များအနီး ကမ်းပြိုမှုများကို ကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံရဲ့ပိုင်နက်နယ်မြေ ရေတိုက်စားဆုံးရှုံးမှုမဖြစ်စေရန်အတွက် ရေဦးထိုးတိုက်စားလျက်ရှိတဲ့နေရာများကို နှစ်အလိုက်ဦးစားပေးဆောင်ရွက်စေလျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာ-တရုတ် နယ်နိမိတ်မှတ်တိုင်အမှတ်(၅၃/၄)အနီး ကမ်းပါးပြိုကျမှုကာကွယ်ခြင်းလုပ်ငန်းတွေကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ အလျား ပေ ၆၀၀ ၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ အလျား ၂၁၀ ပေနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အလျား ၆၇၅ ပေတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု နယ်နိမိတ်မှတ်တိုင်အမှတ်(၅၃/၄)ဟာ မံစီမြို့နယ်၊ မန်အိုက်ကျေးရွာ၊ နမ့်ဝမ်ချောင်းကမ်းပါးမှာတည်ရှိပြီး ရေကြောင်းပြောင်းလဲမှုကြောင့် ရေတိုက်စားမှုကြောင့်ကမ်းပါးပြိုကျပြီး နမ့်ဝမ်ချောင်းအတွင်းသို့ ယိမ်းယိုင်စပြုနေပြီဖြစ်ပါတယ်။ ဒါ့ကြောင့် နယ်နိမိတ်မှတ်တိုင်အမှတ်(၅၃/၄)ရဲ့ အရှေ့ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအဖြစ် Steel Basket(သံခြင်း) အခြေပြုကျောက်စီမြေထိန်းနံရံအလျား ပေ ၁၀၀ တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၂၀၆ သိန်းဖြစ်ကြောင်း တွက်ချက်ထားရှိပြီး လုပ်ငန်းရန်ပုံငွေရရှိရေးအတွက် ကချင်ပြည်နယ်၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၁၀ မှ ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ပါတယ်။ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ရန်ပုံငွေအစီအစဉ်မှာ ထည့်သွင်းလျာထားခဲ့ခြင်းမရှိတဲ့အတွက် နိုင်ငံတော်သမ္မတ၏သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခွင့်ရရှိရေး တင်ပြခဲ့ရာ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း(RE)မှာ ထည့်သွင်းလျာထားရန် ညွှန်ကြားခဲ့ပါတယ်။ သို့သော်လည်းပဲ RE နှင့် BE တို့မှာ ထည့်သွင်းရန်အချိန်မမီတော့တဲ့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး

နှစ် မူလလျာထားချက်မှ ခေါင်းစဉ်ပြောင်းလဲသုံးစွဲခြင်း သို့မဟုတ် တင်ဒါခေါ်ယူရာတွင် ပိုလျှံရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လျာထား ထားရှိပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ ဒေသလုံခြုံမှုကို မည်ကဲ့သို့ဆောင်ရွက်ပါမည်နည်း၊ နတ်မြစ်ဝမှ မယူမြစ်ဝထိ ပင်လယ်ကမ်းခြေတစ်လျှောက်ဒေသတို့တွင် ဒေသခံတိုင်းရင်းသားများ ပါဝင်ခွင့်ရှိသည့် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များကို နိုင်ငံတော်လုံခြုံရေးရှုထောင့်က မည်သည့် စီမံချက်များချမှတ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့လွှတ်တော်ထဲမှာ ကျွန်တော်က ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ မောင်တောခရိုင်က လုံခြုံရေးနဲ့ပတ်သက်တဲ့ မေးခွန်းနှစ်ခုမေးမြန်းမှာဖြစ်ပါတယ်။ မေးခွန်းမေးမြန်းရတဲ့အကျိုးအကြောင်းတွေကို မတင်ပြခင် လွှတ်တော်ကတစ်ဆင့် တင်သွင်းထားတဲ့မေးခွန်းနှစ်ခုကို ကျွန်တော် ဦးစွာဖတ်ပြပါမယ်။ ကြယ်ပွင့်ပြမေးခွန်းတွေကတော့ (၁) ၉-၁၀-၂၀၁၆ နံနက်ပိုင်းက ရဲတပ်ရင်းတပ်ဖွဲ့စခန်း သုံးခုလုံးတစ်ပြိုင်တည်း အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်ပွားပြီးနောက် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ ကျေးလက်ဒေသများမှ ရခိုင်တိုင်းရင်းသားများနှင့် ရခိုင်မျိုးနွယ်စုများသည် နေရပ်စွန့်ခွာထွက်ပြေးနေကြသဖြင့် ထိုဒေသလုံခြုံမှုကို မည်ကဲ့သို့ ဆောင်ရွက်ပါမည်နည်း။ (၂) မောင်တောမြို့နယ်မြောက်ဘက်အစွန်ဆုံးနယ်စပ်မှသည် နတ်မြစ်ကမ်းခြေတစ်လျှောက် နတ်မြစ်ဝမှ မယူမြစ်ဝထိ ပင်လယ်ကမ်းခြေတစ်လျှောက် ဒေသတို့ကို နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်ခွင့်ရှိသည့် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များကို နိုင်ငံတော်လုံခြုံရေးရှုထောင့်က လိုအပ်သည့်စီမံချက်များ ချမှတ်ဆောင်ရွက်ပေးပါမည်လားဆိုတဲ့ မေးခွန်းနှစ်ခုကို ပြီးခဲ့တဲ့ တတိယပုံမှန်အစည်းအဝေးမှာ မေးခွင့်ရအောင်ဆိုပြီးတော့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့က တင်သွင်းခဲ့ပါတယ်။ မေးခွန်းမေးရတဲ့အကြောင်းအရင်းတွေကိုတော့ မေးခွန်းတင်သွင်းစဉ်က ရေးသားထားတဲ့စာအတိုင်း ကျွန်တော်ဖတ်ကြားတင်သွင်းပါမယ်။ အကျိုး

အကြောင်းဖော်ပြချက် (၁) ၉-၁၀-၂၀၁၆ နံနက်ပိုင်း ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့လုံခြုံမှုထိန်းသိမ်းရေးတပ်ရင်းမှ နေရာချထားသည့်လုံခြုံရေးတပ်ဖွဲ့စခန်းသုံးခုကို ရိုဟင်ဂျာအမည်ခံ ဘင်္ဂါလီ၊ မူဆလင်များက အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့ကြပါသည်။ ထိုသို့စီးနင်းတိုက်ခိုက်ခံရစဉ်က လုံခြုံရေးတပ်ဖွဲ့ဝင်များဆုံးရှုံးမှုရှိခဲ့သည့်အပြင် နောက်နေ့တွင်အကြမ်းဖက်သူများကို တပ်မတော်မှရှင်းလင်းတိုက်ခိုက်ရာတွင်လည်း အကျအရှုံးရှိခဲ့သည်ဟု သိရပါတယ်။ (၂) ၉-၁၀-၂၀၁၆ နေ့ လုံခြုံရေးတပ်ဖွဲ့စခန်းများ စီးနင်းတိုက်ခိုက်ခံရသည့်နိုင်ငံတော်၏ လုံခြုံရေးနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ခြိမ်းခြောက်ခံရသည့်လုပ်ရပ်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် မောင်တောမြို့နယ်တွင် ရခိုင်နှင့် ဘင်္ဂါလီလူအုပ်စုနှစ်ခုကြား Communal Violence ဖြစ်ပွားချိန်ကလည်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုများရှိခဲ့ပါသည်။ သို့သော် ယင်းဖြစ်ရပ်ကို Communal Violence ဟုသာ အများကရှုမြင်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အချုပ်အခြာအာဏာကို ထိခိုက်သည့်လုပ်ရပ်ဟု သဘောမပေါက်နိုင်ခဲ့ကြပါ။ ၉-၁၀-၂၀၁၆ ရက်နေ့က စတင်ဖြစ်ပေါ်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှုနောက်ဆက်တွဲအကျိုးသက်ရောက်မှုများ၊ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များရှိ ကျေးလက်ဒေသများမှ ရခိုင်နှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများမှာ လောလောဆယ် ဘင်္ဂါလီ၊ မူဆလင်များ၏တိုက်ခိုက်မှုကို မခံရသေးသော်လည်း နောင်ဖြစ်လာနိုင်သည့်အန္တရာယ်ကိုစိုးရိမ်ကြောင့်ကြနေကြ၍ မောင်တောမြို့၊ ဘူးသီးတောင်မြို့များသို့ အပြေးအလွှားရောက်ရှိခိုလှုံနေကြရပါသည်။ ထို့မှတစ်ဆင့် မောင်တောနှင့် ဘူးသီးတောင်မြို့မှ ရခိုင်အချို့မှာလည်း ပို၍အန္တရာယ်ကင်းရာ စစ်တွေမြို့ဘက်သို့ ပြောင်းရွှေ့နေကြသည့်သတင်းကို နေ့စဉ်ကြားသိနေရပါတယ်။ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တွင် ရခိုင်တိုင်းရင်းသားလူဦးရေ ၃ ရာခိုင်နှုန်း၊ ၄ ရာခိုင်နှုန်းမျှသာရှိ၍ ဘင်္ဂါလီ၊ မူဆလင်တို့မှာ ၉၆၊ ၉၇ ရာခိုင်နှုန်းရှိသဖြင့် Communal Violence ဖြစ်လာပါက သေဖွယ်ရာမှတစ်ပါး အခြားရွေးစရာမရှိ သောအခြေအနေများနှင့် ရင်ဆိုင်နေရပါသည်။ မိမိအသက်ကို လူတိုင်းချစ်မြတ်နိုးကြပါသည်။ မိမိအသက်နှင့်ထပ်တူချစ်မြတ်နိုးသော မိမိကျေးရွာရှိ သာသနိက အဆောက်အဦများ၊ ဘုရားကျောင်းကန် စေတီပုထိုးများကို စွန့်ခွာပြီးထွက်ပြေးနေကြရတဲ့အတွက်ကြောင့် ဘယ်လိုကူညီမလဲဆိုတဲ့အဖြေကို ဖြေထုတ်ဖို့လိုနေတဲ့အတွက်ကြောင့် ဒီမေးခွန်းတွေကို ဒီလိုတင်ခဲ့ရတာဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားပါမယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဟာ နယ်စပ်နယ်နိမိတ် ၁၆၈.၅၇ မိုင်ထိစပ်လျက်ရှိပြီး ဘင်္ဂလားပင်လယ်အော် နတ်မြစ်ဝမှ မြောက်ဘက်မြစ်ဖျားအထိ ၃၉.၈၂ မိုင်နှင့် နတ်မြစ်ဖျားမှ အစပြုကာ ချောင်းများ၊ တောင်ထိပ်များနှင့် ကုန်းပိုင်းတစ်လျှောက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှတ်တိုင်(BP-31)မှ မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယသုံးနိုင်ငံဆုံရာ နယ်စပ်မှတ်တိုင်(BP-73)အထိ ၁၂၈.၇၅ မိုင် ထိစပ်လျက်ရှိပါတယ်။ ၎င်းနယ်စပ်ဒေသအတွင်း နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများအကြား ဖြစ်ပွားတဲ့ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့တို့သည် ရခိုင်ပြည်နယ်ဆိုင်ရာကော်မတီများကို ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၂၃/၂၀၁၆)နှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နိုင်ငံတော်သမ္မတရုံး၊ အမြဲတမ်းအတွင်းဝန်၊ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့ပါဝင်တဲ့ အဖွဲ့ဝင် ၂၇ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ယင်းကော်မတီရဲ့လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၆)နှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပြီး သတ်မှတ်လုပ်ငန်းတာဝန်များအလိုက် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၆)နှင့် ရခိုင်ပြည်နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး

ကော်မတီကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင်ခြောက်ဦးဖြင့်လည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ယင်းကော်မတီရဲ့လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ပြည်နယ် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီကို ရခိုင်ပြည်နယ်အစိုးရ အဖွဲ့က လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဥက္ကဋ္ဌအဖြစ် အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းပြီး သတ်မှတ် လုပ်ငန်းတာဝန်များကိုလည်း အလေးထားဆောင်ရွက်စေလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တော ခရိုင်ရဲ့ အုပ်ချုပ်ရေးကဏ္ဍမှာ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်တဲ့ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီများကိုလည်းကောင်း၊ မြို့နယ်များမှာ မြို့နယ်အုပ်ချုပ်ရေးမှူးဥက္ကဋ္ဌ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများပါဝင်တဲ့ မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီကိုဖွဲ့စည်းပြီး မိမိတို့မြို့နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကိုလည်း ပူးပေါင်းအကောင် အထည်ဖော်ဆောင်ရွက် လျက်ရှိပါတယ်။ ထိုသို့ ဒေသခံမြို့မိမြို့ဖများပါဝင်တဲ့ ကော်မတီများဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့အပြင် မောင်တောခရိုင်အတွင်း ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများမှာ လည်း ဒေသခံအများစုမှ တာဝန်ထမ်းဆောင်လျက်ရှိပါသဖြင့် မြို့နယ်ဒေသဖွံ့ဖြိုးရေး၊ လုံခြုံရေး ကိစ္စတွေမှာ ဒေသခံများပါဝင်ဆောင်ရွက်ခွင့် အပြည့်အဝ ရရှိလျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိတဲ့ ပဋိပက္ခများကို ဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်း ကောင်းများကို ရှာဖွေသွားနိုင်ရန်အတွက် လိုအပ်တဲ့ကော်မရှင်များကိုလည်း ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်စေလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အနောက်ဘက်မှာရှိတဲ့ နယ်စပ်ဒေသများသို့ တစ်ဖက် နိုင်ငံမှ တရားမဝင် ဝင်ရောက်လာမှုမရှိစေရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေး၊ တရားဥပဒေ စိုးမိုးရေး တို့အတွက် ယခင်ကနယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုအဖွဲ့ကိုဖွဲ့စည်းပြီး တပ်မတော် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အကောက်ခွန် ဦးစီးဌာနတို့ဖြင့် ပူးပေါင်းဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အခုအခါမှာ ယခင်ကဖွဲ့စည်းခဲ့တဲ့ နယ်စပ် ဒေသလူမှုစစ်ဆေးရေးအဖွဲ့အစား အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီး ဌာနတို့ဖြင့် ပူးပေါင်းဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဟာ နယ်စပ်ဒေသမှာ တရားမဝင် ဝင်/ထွက်မှုတွေကို ကာကွယ်တားဆီးရေး၊ အကောက်ခွန်မဲ့ပစ္စည်းများ

နယ်စပ်ဖြတ်ကျော်ပြီး တရားမဝင်တင်ပို့/တင်သွင်းခြင်းမပြုစေရေးနှင့် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို အလေးစားဆောင်ရွက်လျက်ရှိပါတယ်။

အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ရဲ့ တာဝန်ယူရတဲ့နယ်မြေအတွင်းမှာ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ မြို့နယ်သုံးခုပါဝင်ပါတယ်။ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ရဲ့ ကွပ်ကဲမှုအောက်မှာ မြို့နယ်သုံးခုကို ဒေသလေးခု၊ နယ်မြေ ၁၁ ခု သတ်မှတ်ပြီး နယ်မြေရုံး ၁၁ ရုံး၊ နယ်မြေရဲစခန်း ၁၂ ခု၊ ကင်းစခန်း ၉၅ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ နယ်စပ်ခြံစည်းရိုးကင်းစခန်း ၁၂ ခု စုစုပေါင်း ၁၅၇ နေရာမှာ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ လေးခုမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အနေနဲ့လည်း မောင်တောခရိုင်အတွင်းရှိ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်တွေမှာ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး တစ်ရုံး၊ ခရိုင်အကူတပ်ခွဲ တစ်ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှစ်ရုံး၊ မြို့မရဲစခန်းနှစ်ခု၊ နယ်မြေရဲစခန်း တစ်ခုတို့ဖြင့် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြို့ပေါ်အရေးကြီးအဆောက်အဦများ၊ မြို့ဝင်/ထွက်ပေါက်များ၊ ရေဆိပ်များမှာ လုံခြုံရေးရဲကင်းများ ချထားဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နယ်မြေဒေသအခြေအနေအရ ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း ဒုတိယညွှန်ကြားရေးမှူးတစ်ဦး အပါအဝင် ဝန်ထမ်းအင်အား ၂၅၁ ဦးတို့ကို တာဝန်ချထားပြီး နယ်မြေလုံခြုံရေးကိစ္စရပ်များ အပါအဝင် လူဝင်မှုကြီးကြပ်ရေးနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများ တားဆီးကာကွယ်ရေးတို့ကို ဆောင်ရွက်လျက်ရှိပြီး လူဦးရေဆိုင်ရာလုပ်ငန်းများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရဲ့ အနောက်မြောက်နယ်စပ်ဒေသတစ်လျှောက် ကုန်းနယ်နိမိတ်လုံခြုံရေးအတွက် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ၂၀၀၉ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့အထိ အဆင့်(၃)ဆင့်ဖြင့် ဆောင်ရွက်ခဲ့ရာမှာ B-2 မှ BP-66 အထိ စုစုပေါင်း ၁၁၄.၆၅ မိုင်ကို ခြံစည်းရိုးကာရံပြီး ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှာ တုံးဝချောင်းမှ အငူမော်ကျေးရွာအထိ မိုင် ၄၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ စတုတ္ထအဆင့် BP-66 မှ

BP-1 အထိ ခြံစည်းရိုးဆက်လက် ကာရံသွားရန် လိုအပ်သည့်အတွက် ဆက်လက်လုပ်ဆောင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးတဲ့နောက်မှာ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဟာ နယ်မြေရုံး ၁၁ ရုံး၊ နယ်မြေရဲစခန်း ၁၂ ခု၊ ကင်းစခန်း ၁၂၄ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ နယ်စပ်ခြံစည်းရိုးကင်းစခန်း ၁၂ ခု စုစုပေါင်း ၁၈၆ နေရာကို နယ်ခြားစောင့်ရဲကွပ်ကဲမှုအပါအဝင် ရဲအင်အားများဖြည့်တင်းပြီး တပ်မတော်နှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့အနေနဲ့လည်း မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များမှာရှိတဲ့ရဲကင်းများမှာ အင်အားထပ်မံဖြည့်တင်းပြီး လုံခြုံရေးများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုများကို ထိန်းချုပ်နိုင်ရန်အတွက် တပ်မတော်နှင့်ပူးပေါင်းပြီး နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်ခဲ့သည့်အပြင် နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးအတွက်ဆောင်ရွက်ခဲ့ရာ လက်ရှိအခြေအနေမှာ နယ်မြေပြန်လည်အေးချမ်းလျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ ရေနယ်နိမိတ်လုံခြုံရေးအတွက် ပင်လယ်ကမ်းရိုးတမ်းတစ်လျှောက် ပင်လယ်ဝနှင့် မြစ်တွင်းလုံခြုံရေးကို တပ်မတော်(ရေ)မှ ငါးမန်းတိုက်ရေယာဉ်များ၊ အမြန်သွားတိုက်ရေယာဉ်များ၊ ရာဘာဘုတ်များဖြင့်လည်း လှည့်ကင်းပတ်ကင်းများဖြင့် လုံခြုံရေးအပြည့်အဝ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်ဖြစ်စဉ်နှင့် ဆက်စပ်ဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး ပါဝင်သူများကိုလည်း ဖော်ထုတ်ဖမ်းဆီး တရားစွဲတင်လျက်ရှိတဲ့အပြင် ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိပြီး ကျန်ရှိသည့်အမှုများကိုလည်း အမြန်တရားစွဲတင်နိုင်ရေးနှင့် ကျူးလွန်သည့်ပြစ်မှုများအလိုက် ဥပဒေနှင့်အညီ ပြစ်ဒဏ်ရရှိရေးကိုလည်း သက်ဆိုင်ရာတရားရုံးများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၆)နှင့် အကြမ်းဖက်မှုဖြစ်စဉ်မှန်ပေါ်ပေါက်ရေးနှင့် နောင်အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားစေရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ အဖွဲ့ဝင်

၁၃ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံ တင်ပြနိုင်ရေးလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

မောင်တောခရိုင်အတွင်းဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး မောင်တောခရိုင်ဒေသတွင် လုံခြုံရေးနှင့်ဆက်စပ်လျက်ရှိသောကိစ္စရပ်အားလုံးကို ပေါင်းစပ်ညှိနှိုင်းတာဝန်ခံလုပ်ကိုင်ဆောင်ရွက်နိုင်ဖို့အတွက် မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဥက္ကဋ္ဌ အဖြစ်ပါဝင်တဲ့ အဖွဲ့ဝင် ၁၀ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၎င်းတို့ရဲ့လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၇)နဲ့ ရခိုင်ပြည်နယ် လက်တွေ့အကောင်အထည်ဖော်ဆောင်မှုပူးပေါင်းညှိနှိုင်းရေးအဖွဲ့ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့ဝင် ခုနစ်ဦးနဲ့ ဖွဲ့စည်းပြီး ရခိုင်ပြည်နယ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်စေလျက်ရှိပါတယ်။

သို့ပါ၍ ရခိုင်ပြည်နယ် နယ်စပ်ဒေသလုံခြုံရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့မှ လိုအပ်သည့်ကော်မတီများနှင့် အဖွဲ့များဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့အပြင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ရပ်မိရပ်ဖများ လူမှုအဖွဲ့အစည်းများ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ပြီး နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄(ဃ)အရ ဆက်စပ်မေးခွန်းကို မေးမြန်းလိုပါတယ်။ ဒုတိယဝန်ကြီးဖြေကြားတဲ့အတွက်ကြောင့် လုံခြုံရေးရှုထောင့်က လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ အစိုးရအစီအစဉ်တွေကတော့ သိရသလောက် ကျွန်တော်တို့ တော်တော်တန်တန်သိရပါတယ်။ ဒါပေမဲ့ မေးခွန်းနံပါတ်(၁)နှင့် မေးခွန်းနံပါတ်(၂)မှာ ကျွန်တော်အဓိကထားမေးတဲ့ ဒေသခံတိုင်းရင်းသားများ ပါဝင်ခွင့်ရှိတဲ့ထိန်းသိမ်းစောင့်ရှောက်ရေး

လုပ်ငန်းစဉ်တွေကို ဘယ်လိုလုပ်မလဲ၊ ဘယ်လိုလုပ်တာလဲဆိုတဲ့အပိုင်းကို ကျွန်တော်တို့က သိလိုပါတယ်။ နောက် နေရပ်စွန့်ခွာနေကြတဲ့လူတွေရဲ့ ပိုမိုလုံခြုံရေးအတွက်ကို ဘယ်လိုကောင်းအောင်ဆောင်ရွက်မလဲ။ ဘာဖြစ်လို့လဲဆိုတော့ နေရပ်စွန့်ခွာတဲ့လူတွေက ခုထက်ထိ ပြန်ပြေးတယ်ဆိုတဲ့သတင်းတွေ ကျွန်တော်တို့ ကြားနေရလို့ဖြစ်ပါတယ်။ အဲဒါလေးတစ်ချက် ပြန်ဖြေပေးပါ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ထပ်ဆင့်မေးခွန်းနှင့်ပတ်သက်ပြီး ပထမအချက်ဖြစ်တဲ့ ဒေသခံပြည်သူများ ပါဝင်ခွင့်ရှိတဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ကျွန်တော်မူလဖြေဆိုချက်မှာလည်း ပါဝင်ပြီးဖြစ်ပါတယ်။ နိုင်ငံတော်နှင့်သက်ဆိုင်ရာပြည်နယ်အစိုးရတို့ကဖွဲ့စည်းတဲ့အဖွဲ့အစည်းတွေမှာ ဒေသခံပြည်သူများ၊ ဒေသခံကိုယ်စားလှယ်များလည်း ထည့်သွင်းဖွဲ့စည်းဆောင်ရွက်ထားသလို ဒေသတွင်းမှာရှိတဲ့ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများကိုလည်း သက်ဆိုင်ရာနယ်မြေဒေသ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေမှာလည်း ဒေသခံပြည်သူများပါဝင်တဲ့အဖွဲ့အစည်းများနဲ့ ပူးပေါင်းဖွဲ့စည်းပြီး လုပ်ငန်းကော်မတီများက သတ်မှတ်ထားတဲ့ လုပ်ငန်းစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ နောက် ဒုတိယတစ်ချက်ဖြစ်တဲ့နေရပ်စွန့်ခွာသူများနှင့်ပတ်သက်ပြီး ဖြစ်စဉ်စတင်ဖြစ်ပွားပြီးတဲ့နောက်မှာ ဒေသစွန့်ခွာသူများအတွက်လိုအပ်တဲ့ယာယီစခန်းတွေ ဖွင့်လှစ်ထားရှိခဲ့ပေမဲ့လည်း အခြေအနေများ တည်ငြိမ်အေးချမ်းသွားတဲ့အခါမှာ ၎င်းတို့နေရပ်ကို ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြပြီးဖြစ်ပါတယ်။ ၎င်းတို့နေထိုင်တဲ့နေရာဒေသတွေမှာ လုံခြုံမှုရှိစေရေးအတွက်ကိုလည်း သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လိုအပ်တဲ့အင်အားများထုတ်နုတ်ပြီး ကျေးရွာအလိုက် လုံခြုံရေးများ ချထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင်၎င်းဒေသခံများအတွက် လိုအပ်တဲ့စားနပ်ရိက္ခာနဲ့ လိုအပ်တဲ့အထောက်အပံ့ပစ္စည်းများကိုလည်းသက်ဆိုင်ရာနိုင်ငံတော်နှင့် သက်ဆိုင်ရာပြည်နယ်အစိုးရတို့ကနေပြီးတော့ ကြပ်မတ်မှုနဲ့ ပြည်သူများလက်ဝယ်သို့ရောက်ရှိစေရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ နောင်အလားတူ ဒေသစွန့်ခွာထွက်ပြေးမှုများမဖြစ်စေရေးအတွက်လည်း ကျွန်တော်တင်ပြခဲ့တဲ့ နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်ဖွဲ့စည်းထားတဲ့လုပ်ငန်းကော်မတီများရဲ့ လုပ်ငန်းတာဝန်များကိုလည်း ၎င်းရေရှည်အစီအမံများကို

လုပ်ငန်းတာဝန်များသတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ်က နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေအဖြစ် တည်ရှိနေသော စားကျက်မြေများနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ဆန္ဒသဘောထား များကိုရယူကာ စိုက်ပျိုးမြေအဖြစ်သို့လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေ အဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်းအသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့ ကျကျအသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသော မူဝါဒဆောလျင်စွာချမှတ် အကောင်အထည်ဖော် နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်ပံတန်းမဲဆန္ဒနယ်က ဦးကျော်မင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးကျော်မင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော် လွှတ်တော်ကို စာဖတ်ပြီးတော့မှ တင်ပြခွင့်ပြုပါခင်ဗျား။ ပြည်သူ့လွှတ်တော်ကို ကျွန်တော် အလေးထား တင်သွင်းမယ့်အဆိုကတော့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ယနေ့အထိ တည်ဆဲဥပဒေအရ တည်ရှိနေတဲ့စားကျက်မြေနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူလူထုရဲ့ဆန္ဒသဘောထားများကို ရယူကာ စိုက်ပျိုးမြေအဖြစ်သို့လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ မူလစားကျက်မြေအဖြစ်သို့ လည်းကောင်း သို့တည်းမဟုတ် အခြားနည်းလမ်းအသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း၊ လက်တွေ့ ကျကျအသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသော မူဝါဒများ ဆောလျင်စွာချမှတ်အကောင်အထည် ဖော်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းကြောင်း အဆိုပဲဖြစ်ပါတယ်။ လေးစားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတစ်ဝန်းမှာ စားကျက်မြေဧကပေါင်း ၇၅၆၀၀၀ ဧက ရှိတယ်လို့ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းလယ်ယာကဏ္ဍရဲ့အစီရင်ခံစာမှာ လေ့လာတွေ့ရှိရပါတယ်။ တကယ်တော့ အဲဒီစားကျက်မြေများဟာ လက်တွေ့မြေပြင်မှာ ကျွဲ၊ နွားတွေ

အတွက်ရှိနေတဲ့ စားကျက်မြေတွေတော့ မဟုတ်တော့ပါဘူး။ စိုက်ပျိုးမြေတွေ၊ ရွာမြေတွေ၊ ငါးမွေးကန်တွေ၊ ကုမ္ပဏီပိုင်မြေတွေ စသည်ဖြင့် အခြားနည်းလမ်းတွေနဲ့ အမျိုးမျိုးအသုံးချနေတာကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ မိမိတို့ရဲ့မဲဆန္ဒနယ်မြေတွေမှာ ပြန်လည်လေ့လာကြည့်လျှင် လက်တွေ့ကျကျသိမြင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေမှာတော့ ယခင်ကျေးရွာအုပ်စု ၃၀ မှာ စားကျက်မြေဧက ၄၈၀၀ ရှိပါတယ်။ ယခုတော့ ၃၆၂၆ ဧကပဲ တရားဝင်ကျန်ပါတော့တယ်။ ဒီကျန်နေတဲ့စားကျက်မြေအားလုံးနည်းပါးဟာ စိုက်ပျိုးမြေတွေ၊ ရွာမြေတွေ၊ ငါးမွေးကန်တွေ၊ ကုမ္ပဏီပိုင်မြေတွေ ဖြစ်ကုန်လို့ ကျွဲ၊ နွားတွေ လွှတ်ကျောင်းတဲ့မြေတွေရယ်လို့ အနည်းငယ်လောက်ပဲရှိပါတော့တယ်။ မြေပုံပေါ်မှာ စာရင်းဇယားတွေထဲမှာတော့ စိုက်ပျိုးမြေက ဧကဘယ်လောက်ရှိတယ်။ စားကျက်မြေက ဧကဘယ်လောက်ရှိတယ်။ ရွာမြေ၊ သစ်တောမြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစသည်ဖြင့် ဧကဘယ်လောက်ရှိတယ်လို့ ဖော်ပြထားပေမယ့် လက်တွေ့မြေပြင်မှာနဲ့ကတော့ ကွဲလွဲမှုတွေရှိနေပါတယ်။ ဒီလိုစာရင်းဇယားက လက်တွေ့နှင့်မကိုက်ညီတော့ တိုင်းပြည်ရဲ့စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) တွက်ချက်ရာမှာလည်းပဲ အနီးစပ်ဆုံးမှန်ကန်မှု၊ မှန်ကန်တိကျစေရေးနှင့် ဒေသခံပြည်သူများ မြေအသုံးချရာမှာ ကျွန်တော်တို့ ဂုဏ်သက္ကာရှိရှိ တည်ငြိမ်မှုရရှိစေရေးအတွက် ယခုအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စားကျက်မြေတွေတည်ထောင်ရတဲ့ ရည်ရွယ်ချက်တွေကတော့ ယခင်တုန်းကတော့ လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကို မပြောင်းလဲနိုင်သေးတော့ ကျွဲ၊ နွားတွေရဲ့လုပ်အားနဲ့ ထွန်ယက်ရာမှာလည်းကောင်း၊ စိုက်ပျိုးသီးနှံများကို သယ်ယူပို့ဆောင်ရာမှာလည်းကောင်း အားကိုးအားထားပြုနေရတဲ့အတွက် ရှေးရှေးကဘိုးဘွားများနဲ့ ခေတ်အဆက်ဆက်အစိုးရများက ဥပဒေများပြဋ္ဌာန်းပြီးတော့ စားကျက်မြေတွေကို သွားလမ်း၊ လာလမ်းများဖြင့် စနစ်တကျတည်ထောင်ခဲ့တာဖြစ်ပါတယ်။ အဓိကရည်ရွယ်တာကတော့ ကျွဲ၊ နွားတွေအတွက် အစာရေစာဖူလုံဖို့နဲ့ ၎င်းတို့ရဲ့ကျန်းမာရေးအတွက် အညောင်းအညာပြေစေဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ စားကျက်မြေတွေကို အင်္ဂလိပ်အစိုးရနှင့် ယခင်အစိုးရအဆက်ဆက်က ကာကွယ်ပြဋ္ဌာန်းပေးထားတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေနဲ့ပတ်သက်ပြီး အနည်းငယ် ကျွန်တော်တင်ပြလိုပါတယ်။ Power Point အသုံးပြုခွင့်ပေးစေလိုပါတယ်ခင်ဗျား။ ဒီလိုတည်ထောင်ခဲ့တဲ့စားကျက်မြေတွေကို ရေရှည်တည်တံ့အောင်ဆိုပြီးတော့ အောက်မြန်မာနိုင်ငံအတွက်ဆိုရင် ၁၈၇၆ ခုနှစ်၊ မြေယာနှင့်အခွန်တော်လက်စွဲဥပဒေ၊ အထက်မြန်မာနိုင်ငံအတွက် ၁၉၁၁ ခုနှစ်၊ အထက်မြန်မာနိုင်ငံတော်မြေယာနှင့်အခွန်တော်လက်စွဲ

ဥပဒေများဖြင့် ပြဋ္ဌာန်းခဲ့ကြပြီးဖြစ်ပါတယ်။ အဲဒီဥပဒေတွေမှာ စားကျက်မြေတည်ထောင်ပုံ နှစ်စဉ်စောင့်ရှောက်ပုံ ကောလိတ္တော်အရာရှိရဲ့ ခွင့်ပြုချက်မပါဘဲနဲ့ စားကျက်အတွင်းကျူးကျော်နေထိုင်ခြင်း၊ သစ်ပင်များခုတ်လှဲခြင်း၊ သယ်ယူခြင်း၊ မြက်ရိတ်ခြင်းများကို မပြုလုပ်ရပါဘူး။ အကယ်၍ လိုက်နာပျက်ကွက်ရင် တရားစွဲဆိုပြီး၊ တရားရုံးကပြစ်မှုထင်ရှားရင်တော့ အလုပ်နှင့်ထောင်ဒဏ်၊ ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်စလုံး ကျခံရမယ်လို့ အတိအကျပြဋ္ဌာန်းထားပါတယ်။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ လက်ထက်မှာတော့ မည်သည့်အခြေအနေတွင် ရှိနေစေကာမူ ကျွဲ၊ နွားစားကျက်မြေမှန်က မည်သည့်ကျူးကျော်ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်မှုကိုမျှခွင့်မပြုနိုင်ကြောင်း ၁၉၆၄ ခုနှစ် ဗဟိုမြေယာကော်မတီကလည်း ညွှန်ကြားထားကြောင်းကို ကျွန်တော် လေ့လာသိရှိရပါတယ်။ ယခု ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၃)မှာလည်း စားကျက်မြေများကို ထိန်းသိမ်းရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအခန်း(၁၁) ပုဒ်မ ၃၃ နှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁/၂၀၁၂) အခန်း (၇) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ပ)မှာလည်း စားကျက်မြေများကို ထိန်းသိမ်းဖို့ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ဒီဥပဒေတွေကို ကြည့်မယ်ဆိုရင် စားကျက်မြေများဟာ ကျွဲ၊ နွားတွေအတွက် မရှိမဖြစ်ကာကွယ်ထိန်းသိမ်းပေးရမယ်ဆိုတာကို ပေါ်လွင်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စားကျက်မြေများကို ကာကွယ်ထားတဲ့ဥပဒေများရှိသလို ပယ်ဖျက်ခြင်း၊ နုတ်ပယ်ခြင်းနှင့် သက်ဆိုင်တဲ့လုပ်ထုံးလုပ်နည်းများလည်းရှိကြောင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၆၆ ပုဒ်မခွဲ (က)အရ အပ်နှင်းထားကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ Power Point မှာလည်းပဲ ကျွန်တော်တို့ တင်ပြထားတာရှိပါတယ်။ ပုဒ်မခွဲ ၃ မှာ အများပြည်သူတို့ အကျိုးစီးပွားအတွက် နိုင်ငံတော်ကလိုအပ်လျှင်သော်လည်းကောင်း ကျွဲ၊ နွား စားကျက်အဖြစ် အသုံးပြုမှုနည်းပါရင်သော်လည်းကောင်း နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းကို အမှုတွဲဖွင့်ပြီး လူထုဆန္ဒသဘောထားရယူကာ ဆောင်ရွက်ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာ ကျွန်တော် တင်ပြခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေများဟာ တည်ဆဲဥပဒေတွေဖြစ်ပါတယ်။ ဥပဒေများနှင့် တိတိကျကျကာကွယ်ထားသော်လည်းပဲ တစ်နိုင်ငံလုံးစားကျက်မြေများကတော့ ဥပဒေရဲ့အကာကို မရဘဲ အထက်ကတင်ပြခဲ့သလို စိုက်ပျိုးမြေတွေ၊ ရွာမြေတွေ၊ ကုမ္ပဏီအဖွဲ့အစည်းပိုင်မြေတွေ စသည်ဖြင့် အခြားအသုံးပြုမှုများအဖြစ် ရောက်ရှိကုန်ပါပြီ။ လက်ရှိမြေပြင်အခြေအနေနဲ့ မကိုက်ညီတော့ပါဘူး။ ခေတ်အဆက်ဆက်အစိုးရများရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းခဲ့လို့ ကွယ်ပျောက်

ခြင်းသာဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ အစိုးရလက်ထက်မှာတော့ လက်တွေ့မြေပြင်နဲ့ကိုက်ညီတဲ့ မြေအသုံးပြုမှုတွေကို လက်ရှိတည်ဆဲဥပဒေများကို အသုံးပြုပြီး ဒေသခံပြည်သူလူထုရဲ့ဆန္ဒသဘောထားကိုရယူပြီး ဆောင်ရွက်ရပါတော့မယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော့်အနေဖြင့် အကြံပြုတိုက်တွန်းလိုတာကတော့ စားကျက်မြေပေါ်မှာ ရွာမြေတွေဖြစ်နေရင်တော့ စားကျက်မြေအဖြစ် ပြန်လည်ပြုလုပ်ဖို့မဖြစ်နိုင်တော့ပါဘူး။ လက်တွေ့ကျကျစဉ်းစားတဲ့အခါ စားကျက်မြေအဖြစ်ကနေ ရုတ်သိမ်းပြီးတော့ ရွာမြေအဖြစ်ကိုပြောင်းပေးဖို့ပဲ တရားဝင်ပြောင်းပေးဖို့ပဲ ဖြစ်ပါတယ်။ စိုက်ပျိုးမြေဖြစ်သွားတဲ့ စားကျက်မြေများကိုတော့ ဒေသခံပြည်သူလူထုရဲ့ ဆန္ဒသဘောထားရယူပြီးတော့ စိုက်ပျိုးမြေအဖြစ်သာ ပြောင်းလဲလိုလျှင် ၎င်းမြေကို ပြန်လည်သိမ်းယူပြီးတော့ လုပ်ကွက်ငယ်တောင်သူအဖြစ် ၎င်းစားကျက်ကျူးကျော်များပါ ပါဝင်ပြီးတော့ မြေယာဝေခြမ်းရေးလုပ်ခြင်းဖြင့် ဆင်းရဲမွဲတေမှုလျှော့ချရေးကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။ အကယ်၍ စိုက်ပျိုးမြေအဖြစ် အသုံးပြုမှုနည်းပါးတဲ့ စားကျက်မြေများကိုတော့ မွေးမြူရေးအတွက် စားကျက်မြေများအဖြစ် ပြန်လည်ထားစေလိုပြီး အသားစား၊ နို့စားနွားမွေးမြူခြင်းကို အားပေးရမှာ ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုရင် စိုက်ပျိုးရေးဘက်မှာအားကောင်းနေပြီးတော့ မွေးမြူရေးဘက်မှာ အားနည်းနေလို့ပဲဖြစ်ပါတယ်။ ယနေ့ကျွန်တော်တို့နိုင်ငံမှာ ကျွဲ၊ နွားတွေရှားပါးလာနေတာကိုလည်း ကျွန်တော်တို့ ကြုံတွေ့နေရပါပြီ။ တစ်ဖက်နိုင်ငံရဲ့ အသားဈေးကွက်ကို အကောင်လိုက်မှောင်ခိုသွားနေလို့ ဖြစ်ပါတယ်။ ဈေးကွက်မှာဈေးကောင်းရနေတဲ့အတွက် အသားစားမွေးမြူရေးလုပ်ငန်းကို တစ်ခါစိုက်ရင် ကျွန်တော်တို့သုံးလလောက်ကျွေးလို့ရတဲ့ နေပီယာဆိုတဲ့ အာဟာရပြည့်ဝတဲ့မြက်မျိုးတွေ စိုက်ပြီးတော့ မြစိမ်းရောင်မွေးမြူရေး ချေးငွေများဖြင့် နိုင်ငံတော်ကနေပြီးတော့ ထောက်ပံ့ပေးမယ်ဆိုရင် နှစ်အနည်းငယ်အတွင်းမှာ ကျွန်တော်တို့ တောင်သူတွေရဲ့ ဆင်းရဲမွဲတေမှု လျှော့ချရေးကို လက်တွေ့ကျကျ စားကျက်မြေတွေကနေပြီးတော့ ဖော်နိုင်မှာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရဲ့ စာရင်းစစ်ချုပ်အစီရင်ခံစာမှာ နိုင်ငံတော်က နို့ချက်စက်ရုံများ အတွက် ဘဏ္ဍာငွေတွေခွဲဝေချပေးထားမှုမှာ နို့ချက်စက်ရုံများ အောက်ခြေမှာ မတည်ဆောက်ဖြစ်လို့ နိုင်ငံတော်ကို ဘဏ္ဍာငွေတွေပြန်လည်အပ်နှံခဲ့တာကို ပြန်ပြီးသတိရနေပါတယ်။ အကြောင်းကတော့ အောက်ခြေမှာ နို့စားနွားမွေးမည့်သူမရှိ။ မရှိလို့ဒီလိုဖြစ်ရတာပါ။ နွားမွေးမည့်သူများကလည်း စားကျက်မြေတွေမရှိလို့ဒီလိုမမွေးဖြစ်တာပါဆိုတာကို တွေ့ရပါတယ်။ ဒီအစီရင်ခံစာက သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေနဲ့ မူလစားကျက်မြေများမှ အခြားနည်းလမ်းအဖြစ်သို့ ဥပဒေများနှင့်မညီဘဲ ပြောင်းလဲအသုံးပြုနေတဲ့

စားကျက်မြေများနှင့်စပ်လျဉ်းပြီးတော့ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို အသုံးပြုကာ ဒေသခံပြည်သူလူထုရဲ့ ဆန္ဒသဘောထားများကို ရယူခြင်းဖြင့် လက်တွေ့ကျသော မြေအသုံးပြုမှုများအဖြစ်သို့လည်းကောင်း၊ ဆင်းရဲမွဲတေမှုကို ၎င်းစားကျက်မြေများမှ လက်တွေ့လျှော့ချအကောင်အထည်ဖော်ဆောင်ပေးနိုင်ပါရန် ကျွန်တော်၏အဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရသို့ အကြံပြုတိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မင်းတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း တင်သွင်းသွားတဲ့ စားကျက်မြေနှင့်ပတ်သက်ပြီး ဒေသခံပြည်သူလူထု၏ သဘောဆန္ဒများကိုရယူကာ စိုက်ပျိုးမြေအဖြစ်သော်လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေအဖြစ်သို့လည်းကောင်း၊ သို့မဟုတ် အခြားနည်းအသုံးပြုမှုတစ်ခုခုအတွက် လက်တွေ့ကျကျအသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသော မူဝါဒများဆောလျင်စွာ ချမှတ်အကောင်အထည်ဖော်ခွင့်ရရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံဟာစိုက်ပျိုးရေးအခြေပြုနိုင်ငံဖြစ်ပါတယ်။ ယခင်ခေတ်က ကျွဲ၊ နွားများဟာ လယ်ယာအတွက် အရေးကြီးသော ကုန်ထုတ်ကိရိယာများဖြစ်ကြပါတယ်။ ထို့ကြောင့် ထိုခေတ်က ကျွဲ၊ နွားများအတွက် အစာရေစာရရှိရန်နှင့် ကျန်းမာရေးအတွက် အညောင်းပြေလှုပ်ရှားသွားလာရန်အတွက် စားကျက်မြေများကိုရွာအလိုက်သတ်မှတ်ခဲ့ပါတယ်။ ၎င်းစားကျက်မြေများနှင့်အတူ ဝင်/ထွက်သွားလာရန် ပင်လမ်းများကိုလည်း သတ်မှတ်ခဲ့ပါတယ်။ ကျေးရွာများအတွက်၊ စားကျက်မြေမှ တစ်ခုစီသတ်မှတ်ပေးခဲ့ပါတယ်။ လုပ်ထုံးလုပ်နည်းလည်း အဆင့်ဆင့်နဲ့ သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ကောလိတ္တော်အရာရှိ ခရိုင်ဝန်ကနေပြီး စားကျက်မြေသတ်မှတ်ရပါတယ်။ ပထမအဆင့် မြေအကျယ်အဝန်းကို သတ်မှတ်ပြီး မြေပုံနှင့်တကွ ထုတ်ပြန်တယ်။ ထုတ်ပြန်ပြီးတော့ စားကျက်မြေကို ကန့်ကွက်ရန်ရှိ/မရှိ Notice စာကို ၁၅ ရက်ပေးပို့ ပြီး သက်ဆိုင်ရာမှာ ကပ်ထားပြီးတော့ ကန့်ကွက်သူမရှိပါက စားကျက်မြေကို သတ်မှတ်ပြီးတော့ စားကျက်တိုင်စိုက်ပြီးတော့ စားကျက်မြေကို ကျေးရွာများက သုံးစွဲရန်ဖြစ်ကြောင်း မှတ်တမ်းတင်ရေးသွင်းထားခဲ့ရပါတယ်။ ခရိုင်ဝန်ရဲ့ခွင့်ပြုချက်မရဘဲ စားကျက်မြေအထဲမှာ ကျူးကျော်လို့မရပါဘူး။

မလိုက်နာဘဲ ပျက်ကွက်လို့ရှိရင် အထက်မြန်မာပြည်ဥပဒေ၊ အောက်မြန်မာပြည်နည်းဥပဒေများအရ ဥပဒေများဖြင့် အရေးယူထားခြင်းရှိပါတယ်။ နှစ်စဉ်၊ နှစ်စဉ်လည်း မြေစာရင်းအရာရှိများနှင့် မြေတိုင်းစာရေးများက မိုးရာသီကုန်လို့ရှိရင် နှစ်စဉ်စားကျက်မြေကို စစ်ဆေးကြပ်မတ်ခြင်းပြုရပါတယ်။ အဲဒီလို ထိန်းသိမ်းထားတဲ့စားကျက်မြေများဟာ ယခုအခါ မရှိသလောက်ဖြစ်ပြီး အားလုံးနီးပါး လယ်ယာမြေအဖြစ်လည်းကောင်း၊ ငါးကန်အဖြစ်လည်းကောင်း၊ လူနေအိမ်ရာများအဖြစ်လည်းကောင်း၊ စာသင်ကျောင်းများအဖြစ်လည်းကောင်း၊ သာသနိကအဆောက်အဦအဖြစ်လည်းကောင်း၊ ပြောင်းလဲသွားကြပြီဖြစ်ပါတယ်။

ကျွန်မရဲ့ မဲဆန္ဒနယ်မြေမှာ စားကျက်မြေဧရိယာ ၁၄ ခုရှိရာမှာ တစ်ဧကကနေ ၁၅၈၉ ဧကအထိ စုစုပေါင်း ၄၆၇၃ ခုရှိခဲ့ရာမှာ ယခုအခါမှာ ဧက ၃၀၀ ကျော်ပဲ ကျန်ပါတော့တယ်။ အဲဒီကျန်တဲ့ဧကကလည်း စိုက်ပျိုး၍မရတဲ့ သဲကုန်းများဖြစ်ပါတယ်။ အထူးသဖြင့် ဧက ၁၅၈၉ ဧကရှိတဲ့ ကျုံဒါတ်၊ ကျုံကနပ်စားကျက်မြေမှာ အားလုံး လယ်များဖြစ်ကုန်ပြီးတော့ ၁၉၉၀ ခုနှစ်လောက်ကစပြီးတော့ စားကျက်မြေနှင့် ဒီရေတောကို ခုတ်ထွင်ပြီး လယ်စတင်စိုက်ပျိုးကြပါတယ်။ ၁၉၉၅၊ ၁၉၉၆ ခုနှစ်လောက်မှာ စပါးအထူးအထွက်တိုးစီမံကိန်းလက်ထက်မှာ စားကျက်မြေများအားလုံး လယ်အဖြစ်ရောက်သွားကြပါတယ်။ စားကျက်မြေ လယ်လုပ်သူများက ထိုခေတ်က အာဏာပိုင်များနှင့် နီးစပ်သောလယ်သမားများသာ ပိုင်ဆိုင်ခဲ့ကြပါတယ်။ အများဆိုင်လယ်မြေကို လူနည်းစုက ရယူခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဆင်းရဲသားလယ်ယာမဲ့များ မရရှိခဲ့ပါဘူး။ အဲဒီအဖြစ်ကြောင့်မို့လို့ အထက်ပါကျေးရွာမှာ စားကျက်မြေလိုလားသူများအဖွဲ့နှင့် စားကျက်မြေကျူးကျော်တဲ့လယ်သမားများအဖွဲ့များ နှစ်ဖွဲ့ခိုက်ရန်ဖြစ်ပွားပြီး အမှုဖြစ် ထောင်ကျတယ်။ အချင်းချင်းအမုန်းပွားနေကြတာ နှစ်ပေါင်းများစွာကြာပြီး ယနေ့အထိအောင် ဖြစ်နေပါတယ်။ လူမှုရေး၊ စီးပွားရေး ထိခိုက်ကြရပါတယ်။ ကျန်ရှိသော ကျွဲ၊ နွားများကလည်း စားကျက်မရှိတဲ့အတွက်ကြောင့်မို့လို့ လမ်းဘေး၊ ကသင်းဘေးက မြက်များကိုစားရင်းကနေပြီးတော့ လယ်ထဲကိုရောက်သွားပြီးတော့ လယ်ထဲရှိ မျိုးစပါးများကို ဝင်စားမိတဲ့ ကျွဲ၊ နွားများဟာလည်း ကြားထဲကနေ မကြာခဏ ဒဏ်ခံကြရပါတယ်။ ဆိုတော့ အခိုင်းခံ ကျွဲ၊ နွားတွေမှာသာ စားကျက်မရှိတဲ့အတွက်ကြောင့်မို့လို့ သွားစားတဲ့အခါမှာ သူတို့ခင်ဗျာ ကြားထဲက ခံကြရပါတယ်။ တစ်ဖက်ကလည်း ကျွဲ၊ နွားမရှိတဲ့အတွက်ကြောင့်မို့လို့ စားကျက်မြေမလိုဘူးလို့ ယူဆကြပါတယ်။ နာဂစ်မုန်တိုင်းအတွင်းမှာ ကျွဲ၊ နွားမှာ အတော်သေဆုံးသွားတဲ့အတွက်ကြောင့်မို့လို့

ကျွဲ၊ နွားမရှိတဲ့အတွက်ကြောင့်မို့လို့ စက်မှုလယ်ယာအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ ကျွဲ၊ နွားမရှိတော့ စားကျက်မြေမရှိတော့ဘူးလို့ ယူဆကြ ပါတယ်။

ကျွန်မ နယ်လှည့်သွားတဲ့အတောအတွင်းမှာလည်း အဲဒီရွာတွေသွားတဲ့အခါမှာ ကျွဲ၊ နွားအတော်အသင့်များပြားသည်ကို တွေ့ခဲ့ရပါတယ်။ ဆိုတော့ ကျွန်မတို့နေတဲ့ သက်ရှိကမ္ဘာကြီးမှာ လူတွေနဲ့အတူနေထိုင်တဲ့ တိရစ္ဆာန်တွေဟာ ၎င်းတို့သဘာဝအလျှောက် စားသောက်သွားလာကျက်စား နေထိုင်ရာ နေရာထိုင်ခင်း စားကျက်မြေဟာ ကျွန်မကတော့ ရှိသင့်တယ်လို့ ထင်ပါတယ်။ သို့မဟုတ်လို့ရှိရင် ဒီကျွဲ၊ နွားတွေဟာ ဘယ်တော့မှ စားကျက်မြေမရတော့ဘူးလား။ မလိုအပ်တော့ဘူးလား။ စဉ်းစားစရာဖြစ်ပါတယ်။ စားကျက်မြေအတွင်းမှာကိုက ကျွဲ၊ နွားသာမကဘဲနဲ့ အခြားသတ္တဝါများလည်း ကျက်စားကြပါတယ်။ ယခင်ခေတ်ကဆိုရင် ကျယ်ဝန်းတဲ့စားကျက်မြေမှာ ဆောင်းခိုငှက်များ လာရောက်နားကြတယ်လို့ ကြားသိရပါတယ်။ ဆိုတော့ အဲဒီနယ်မြေမှာ စားကျက်မြေ လယ်သမားဘက်ကလည်း ၁၉၉၀ ဝန်းကျင်လောက်က လုပ်လာခဲ့တယ်ဆိုတော့ နှစ်ပေါင်း ၂၀ ကျော် မ/ နဲ့ လုပ်ကိုင်နေရမယ့်ယခုလက်ထက်မှာ ပုံစံ(၇)မရဖို့ ကြိုးစားကြရာကနေပြီးတော့ ပုံစံ(၇) ထုတ်ခါနီးအချိန်မှာ ကန့်ကွက်သူရှိ/မရှိ မေးတဲ့အခါကျတော့ လူတွေက စားကျက်မြေလိုလားသူတွေက သိသွားပြီးတော့ ဆန့်ကျင်မှုကပိုပြီး ပြင်းထန်လာပါတယ်။ ဆိုတော့ ဒီလိုအချိန်မှာပဲ စာထွက်လာပါတယ်။ ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့ နေ့စွဲနဲ့ စာတစ်စောင်ထွက်လာပါတယ်။ စားကျက်မြေများကို ပယ်ဖျက်ပြီး လယ်အဖြစ်ပြောင်းရန်ဆိုပြီး တိုင်းရုံးကနေ စာထွက်လာပါတယ်။ သူတို့ အစည်းအဝေးလုပ်တဲ့ရက်စွဲကတော့ ၂၀-၃-၂၀၁၆ ခုနှစ်ဖြစ်ပါတယ်။ ဒီထဲမှာရေးထားတာက အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၆၈ နှင့်အညီဆိုပြီး ရေးထားပါတယ်။ လယ်နည်းဥပဒေ ၆၈ ဆိုတာက စားကျက်မြေဖန်တီးတဲ့အချိန်တုန်းက ကန့်ကွက်ရန်ရှိ/မရှိ Notice စာပေးဖို့အတွက် သုံးခဲ့တဲ့၊ စားကျက်မြေတည်ဆောက်တုန်းက သုံးခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ ပယ်ဖျက်တဲ့ဥပဒေမဟုတ်ပါဘူး။ ဒါကို အသုံးပြုပြီးတော့ စားကျက်မြေပယ်ဖျက်ခဲ့ပါတယ်။ ဒါ စားကျက်သမားတွေကလည်း မကျေနပ်လို့ ကျွန်မတို့ကို လာပြီးဆန့်ကျင်ကြပါတယ်။ ပြောကြဆိုကြပါတယ်။ အဲဒီအခါကနေ အခုအချိန်အထိ မကျေမနပ် ပဋိပက္ခတွေဆက်ပြီး ဖြစ်နေကြပါတယ်။ စားကျက်မြေပယ်ဖျက်ရန်လုပ်တဲ့အခါမှာလည်း လုပ်ချင်တိုင်းလုပ်လို့မရပါဘူး။

သက်ဆိုင်ရာခရိုင်နှင့် တိုင်းရုံးကနေ အဆင့်ဆင့်ဆောင်ရွက်ကြရပါတယ်။ အများပြည်သူအကျိုးစီးပွားအတွက်လည်းကောင်း၊ နီးစပ်ရာကျေးရွာများက စားကျက်မြေအဖြစ် အသုံးပြုမှုနည်းလာလျှင်သော်လည်းကောင်း၊ ခရိုင်ဝန်ကနေအမှုတွဲဖွင့်ပြီးတော့ လိုအပ်တဲ့စုံစမ်းစစ်ဆေးမှုတွေ

**မူကြမ်း**

ပြုလုပ်ရပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့ သဘောထားကိုရယူရပါတယ်။ ရယူပြီးတော့မှ ပြည်နယ် သို့မဟုတ် တိုင်းအုပ်ချုပ်ရေးမှူးအဖွဲ့ကို တင်ပြဆောင်ရွက်ပြီးတော့ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့် တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေ ပြည်သူ့လွှတ်တော်အမှတ် (၁၃/၇၇)နှင့် ပုဒ်မ ၆၆ အရ အပ်နှင်းထားပါတယ်။ အခုချိန်မှာကျတော့ ကျွန်မတို့ ဒေးဒရဲမြို့နယ်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးက အဓိကစားကျက်ဖြစ်တဲ့ ကျုံဒါတ်၊ ကျုံကနပ်နှင့် မရမ်းအနောက်နယ်မြေအတွက် သဘောထားတွေတောင်းခံလာပါတယ်။ ကျွန်မတို့ကိုယ်စားလှယ် များရဲ့သဘောထားလည်းတောင်းခံပါတယ်။ စားကျက်မြေလိုလားမှုများကလည်း ကျွန်မတို့က သွားပြီး တွေ့ပါတယ်။ ဒေသခံတွေနဲ့သွားတွေ့ပြီးတော့ ဒေသခံတွေရဲ့သဘောထားကို မေးတဲ့အခါမှာ ကျုံဒါတ်၊ ကျုံကနပ်နယ်မြေကတော့ စားကျက်မြေရော၊ လယ်မြေရော ပင်လယ်ကမ်းစပ်ဖြစ်တဲ့အတွက်ကြောင့် မို့လို့ ဒီရေတောလိုချင်ပါတယ်ဆိုပြီး မျှတတဲ့သုံးမျိုးပေးရင် ကျေနပ်ပါတယ်ဆိုပြီး ပြောပါတယ်။ ဆိုတော့ နှစ်ပေါင်းများစွာ ဖြစ်ခဲ့တဲ့ပြဿနာက ပြေလည်ဖို့ လမ်းစရလာတဲ့သဘောဖြစ်ပါတယ်။ မရမ်းအနောက်လယ်မြေကျတော့အခါကျတော့ သူကကျတော့ ပင်လယ်ကမ်းပတ်တာရဲ့အပြင်မှာရှိတဲ့ အတွက်ကြောင့်မို့လို့ ဒါတွေကို ဆက်ပြီးထားမယ်ဆိုလို့ရှိရင် လယ်လည်းမဖြစ်ဘူး။ ပင်လယ်ကမ်းပတ် တာလည်းအန္တရာယ်ရှိတဲ့အတွက်ကြောင့်မို့လို့ ဒီဥစ္စာကလည်း တစ်မျိုးဆုံးဖြတ်ရမှာဖြစ်ပါတယ်။

ကျွန်မဆိုလိုချင်တာက ဒီလို စားကျက်မြေပြဿနာတွေဟာ ဧကပေါင်းခုနစ်သိန်းကျော်မှာ နေရာအနှံ့အပြားမှာရှိကြပါလိမ့်မယ်။ မူလစားကျက်မြေကနေ အခြားပြောင်းသွားတဲ့နေရာမှာ မူလ စားကျက်မြေက အများပိုင်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မကျေနပ်တာတွေရှိပါလိမ့်မယ်။ ကျွန်မတို့ ကျုံဒါတ်၊ ကျုံကနပ်ကနေပြီးတော့ စားကျက်မြေအဖြစ်ပြောင်းဖို့ ပြောတဲ့အခါကျတော့ ကျန်တဲ့ စားကျက်မြေတွေကနေ အသံတွေကြားလာတယ်။ သူတို့လည်း မကျေနပ်ဘူး။ တောင်းချင်တယ်ပေါ့။ အဲဒီလိုမျိုး အသံတွေကြားရပါတယ်။ အထက်ပါအချက်ကြောင့်မို့လို့ မူလစားကျက်မြေများဟာ တစ်ခြားအကြောင်းအရာတစ်ခုကို ပြောင်းသွားတဲ့နေရာမှာ နေရာဒေသအလိုက် ပြဿနာတွေရှိကြမှာ ဖြစ်ပါတယ်။ ထို့ကြောင့် အများပိုင်စားကျက်မြေများမှာ ကျွဲ၊ နွားများအတွက် သင့်တော်တဲ့နေရာကို ချန်လှပ်ပြီးတော့ ကျန်တဲ့နေရာများအတွက် သင့်တော်မျှတတဲ့မူဝါဒများချမှတ်ပေးပါရန် ဦးကျော်မင်းရဲ့ အဆိုကို ကျွန်မအနေနဲ့ လေးလေးနက်နက်ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်

စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးကျော်မင်း တင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ်ကတင်သွင်းသော နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေအဖြစ် တည်ရှိနေသော စားကျက်မြေများနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထားများကိုရယူကာ စိုက်ပျိုးမြေအဖြစ်သို့လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေအဖြစ်သို့လည်းကောင်း သို့မဟုတ် အခြားနည်းအသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့ကျကျအသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသော မူဝါဒဆောလျင်စွာချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်မင်းတင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅) အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၆-၂-၂၀၁၇ ရက်နေ့ (ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀

နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၈။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၃၈ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် (၁၅.၂.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ


ဦးဘိုဘိုဦး (စမ်းချောင်း မဲဆန္ဒနယ်)


ဦးမင်းကြည်(သံတွဲ မဲဆန္ဒနယ်)


ဦးတင်ကိုကိုဦး (ဘီလင်း မဲဆန္ဒနယ်)


ဦးကျော်ဌေး (လေရှီး မဲဆန္ဒနယ်)


ဦးချင်းပေလင်း (မံစီ မဲဆန္ဒနယ်)


ဦးဘရှိန် (ကျောက်ပြူ မဲဆန္ဒနယ်)


ဦးကျော်မင်း (လက်ပံတန်း မဲဆန္ဒနယ်)


ဦးဘုန်းမောင်(ဟိုတယ်နှင့်ခရီးဝန်ကြီးဌာန)


ဗိုလ်ချုပ်အောင်စိုး (ပြည်ထဲရေးဝန်ကြီးဌာန)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်